# ကောင်းသန့်

## သမီးလေးဖတ်ဖို့

အတွဲ(၄)



သားဦး ........................................ သို့

**အမှတ်တရ**

စာလက်ဆောင်မွန်

မှ ........ မေမေ ........................................

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက် ၉၂၄/ ၂၀၀၀ (၁၁)
မျက်နှာဖုံးခွင့်ပြုချက် ၉၅၅/ ၂၀၀၀ (၁၂)

| | |
|---|---|
| မျက်နှာဖုံးရှင် | မြဝတ်ရည် |
| မျက်နှာဖုံးအတွေး | ကင်(မ်) |
| မျက်နှာဖုံးဖန်တီးသူ | ကိုပြည်စိုး (မြကျွန်းသာ) |
| မျက်နှာဖုံးဖလင် | မြကျွန်းသာ |
| အတွင်းဖလင် | မဟာမီဒီယာ |
| ကွန်ပျူတာစာစီ | ကိုတင်ထွန်း |
| စာအုပ်ချုပ် | စိန်ကြည် |
| ထုတ်ဝေသူ | ဦးသန်းဆွေ (၀၁၄၇၃)<br>စစ်သည်တော်စာပေ<br>အမှတ် ၁၀၃၁၊ ဥယျာဉ်လမ်း၊<br>၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်<br>(တောင်ပိုင်း)၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဝင်းလွင် (မြ-၀၅၃၆၆)<br>ရွှေဟသာ်ပုံနှိပ်တိုက်<br>အမှတ် ၇၊ ဈေးလမ်း၊<br>ပုဇွန်တောင်မြို့နယ်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ (၂၀၀၀ ပြည့်နှစ် ) |
| အုပ်ရေ | ၁၀၀၀ |
| ဖြန့်ချိရေး | ကောင်းသန့်စာပေ၊ |

စာအုပ်တန်ဖိုး 300 ကျပ်

ကောင်းသန့်စာပေ

အမှတ် ၁၄၇၊ ပ–ထပ်(ဝဲ)၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၂၇၈၃၆၈

# ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

❖ ❖ ❖

**နိုင်ငံတော် ပွဲ့စည်းပုံ အခြေခံဥပဒေ**
**ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏**
**ပဓာနကျသော တာဝန်ဖြစ်သည်။**

❖ ❖ ❖

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

❖ ❖ ❖

# ကျောင်းသန့် ၏

## ထုတ်ဝေပြီးသော စာအုပ်များ

၁။ အချစ်ဆုံးသို့ (ဒဿနစကားစုများ)
၂။ လွတ်မြောက်သွားသူ (ဘာသာပြန်ဝတ္ထုရှည်)
၃။ ကောင်လေးကောင်မလေး (ဒဿနစကားစုများ)
၄။ သမီးလေးဖတ်ဖို့ (ဒဿနစကားစုများ)
၅။ ဘုရားသခင်သည် (ဘာသာပြန်ဝတ္ထုများ)
အမှန်တရားကို သိမြင်တော်မူသည်နှင့်
အခြားဝတ္ထုတိုများ
၆။ ချစ်သူဖတ်ဖို့ (ဒဿနစကားစုများ)
၇။ တို့နှစ်ယောက် (ဒဿဝတ္ထုသစ်)
၈။ သမီးလေးဖတ်ဖို့ (၂) (ဒဿနစကားစုများ)
၉။ ကော့ကေးဆပ် (ဘာသာပြန်ဝတ္ထုရှည်)
အကျဉ်းသား
၁၀။ ကောင်းသန့်မှတ်စု (အောင်မြင်ရေးမှတ်စု)
၁၁။ ချစ်သူအကြောင်း (ရသစာစုများ)
၁၂။ အိပ်မက်အလွမ်း (ဘဝဒဿနဝတ္ထုရှည်)
(အမျိုးသားစာပေဆုရသည်။)
၁၃။ ဖေဖေ့လက်ဆောင် (ဒဿနကဗျာရှည်)
၁၄။ ဗေဒင်ဒိုင်ယာရီ (ဒိုင်ယာရီ)
၁၅။ သားဖေဖေ (ဒဿနစကားစုများ)
၁၆။ သမီးလေးဖတ်ဖို့ (၃) (ဒဿနစကားစုများ

၁၇။ သူငယ်ချင်း (ဒဿနစကားစုများ)
၁၈။ အချစ်ဘဝဒဿနများ (ဒဿနစာစုများ)
၁၉။ လူတွေဘာနဲ့နေ (ဘာသာပြန်ဝတ္ထုရှည်)
၂၀။ ချစ်တပည့်သို့ (ပညာပေးစာစုများ)
၂၁။ မင်းလေးကိုချစ်လို့ (ရသဝတ္ထုသစ်)
သီချင်းဆိုရင်း အသက်ရှင်မယ်
၂၂။ ရာစုသစ်အတွေး (ဒဿနစာစုများ)
၂၃။ သမီးလေးဖတ်ဖို့ (၄) (ဒဿနစကားစုများ)


## ဆက်လက်ထွက်ဝေမည့် စာအုပ်များ


၂၄။ အောင်မြင်ရေး (အောင်မြင်ရေးဒိုင်ယာရီ
ပေဒင်ဒိုင်ယာရီ
၂၅။ တိုးတက် ၊အောင်မြင်၊(အောင်မြင်ရေးစာစုများ)
ပျော်ရွှင်၊ ငြိမ်းချမ်း
၂၆။ မြန်မာပုဂံ (သမိုင်းအတွေးစာစုများ)


❖ ❖ ❖

သမီးလေး

သမီးရဲ့ ၁၈ နှစ်မြောက် မွေးနေ့မှာ ဖေဖေ့ လက်ဆောင် ဆိုတဲ့ ကဗျာရှည်တစ်ပုဒ်ကို ဖေဖေလက်ဆောင် ပေးခဲ့တာ မှတ်မိမှာပေါ့နော်။ ကိုးရီးယားနိုင်ငံက ထုတ်တဲ့ မှတ်စုစာအုပ်ထဲမှာ ဖေဖေကိုယ်တိုင် ရေးပေးခဲ့တဲ့အတွက် တစ်ချိန်ကျ သမီးအတွက် တန်ဖိုးရှိမှာပါ။ သေချာသိမ်းနော်။ တန်ဖိုးရှိတဲ့ပစ္စည်းကို တန်ဖိုးထားပြီး သိမ်းဖို့လည်း မမေ့နဲ့ နော်။

သမီးရဲ့ ၁၉ နှစ်မြောက်မွေးနေ့မှာတော့ သမီးရဲ့ ကိုကြီး **သဲအောင်** က **မီးငယ်လေးဖတ်ဖို့** ကဗျာစာအုပ် တစ်အုပ်ရေးပြီး လက်ဆောင်ပေးပြန်တယ်။ သမီးလေး အင်မတန် ကံကောင်းတယ်လို့ ဆိုရမယ်။ တော်ရုံတန်ရုံ ချစ်ရုံနဲ့ ကဗျာဖွဲ့ စာဖွဲ့ ရေးလို့မရပါဘူး သမီးရယ်။ ပစ္စည်း ဆိုတာ ဘယ်နေရာက ဝယ်ပေးပေး ဝယ်ပေးလို့ရပါတယ်။ နှလုံးသွေးနဲ့ရေးတဲ့ ကဗျာဆိုတာ ရင်ထဲမှာ အသေအချာ ခံစား ရမှ ထွက်ကျလာတဲ့ အရာမျိုးပါ။ ဖေဖေနဲ့သမီး ကိုကြီးက သမီးလေးကို သိပ်ချစ်လွန်းလို့ ဒီလိုလက်ဆောင်မျိုး ပေးနိုင် ကြတာပါ။

ဖေဖေတို့ သားအဖရဲ့ချစ်ခြင်းတရားကို သမီးလေး နားလည်ပါကွယ်။ ဖေဖေတို့ရဲ့ စေတနာမေတ္တာတွေကို အဲ့ဒီ စာအုပ်လေးတွေ ပြန်ဖတ်ပြီး တွေးကြည့်နော်။ ဖေဖေကလည်း ချစ်လိုက်တာ အနှိုင်းမဲ့ပဲ။ ကိုကြီးသဲအောင်ကလည်း သမီးကို

ချစ်လိုက်တာ တုန်လို့။ မီးငယ်လေး … မီးငယ်လေးဆိုပြီး ပါးစပ်ဖျားမှာ မချတော့ဘူး။

အဲ့ဒီလို ချစ်တတ်တဲ့သူတွေရဲ့ ရင်ထဲမှာ စိုးရိမ်စိတ်တွေ ရှိနေတတ်စမြဲ သမီးရဲ့။ မလိမ္မာမှာ စိုးတယ်။ လမ်းမှားရောက်မှာ စိုးတယ်။ စာမေးပွဲမအောင်မှာ စိုးတယ်။ စိတ်ဆင်းရဲနေမှာ စိုးတယ်။ သမီးလေးကို ဖွင့်မပြောပေမဲ့ အမြဲတမ်း အဲ့ဒီ စိုးရိမ်စိတ်တွေနဲ့ ရင်ထိတ်နေရတာပါကွယ်။ သမီးလေးကို ပန်းလေးတစ်ပွင့်လို အမြဲတမ်း အရိပ်တကြည့်ကြည့်ကြည့်နေကြတာ သမီးရဲ့။ ဒါပေမဲ့ ဖေဖေတို့ဟာ သမီးလေးကို ချုပ်ချယ်ခြင်း၊ တားမြစ်ခြင်း၊ ဆုပ္ပကြိမ်းမောင်းခြင်း ဘာတစ်ခုမှ မလုပ်ခဲ့တာ သမီးလေး သိတယ်နော်။ အဲ့ဒါသမီးရဲ့ ကိုယ်ပိုင် လွတ်လပ်ခွင့်ကို နားလည်အသိအမှတ်ပြု တန်ဖိုးထားကြလို့ပဲကွယ့်။ ဘာဖြစ်လို့လည်းဆိုတော့ သမီးဟာ ၁၉ နှစ်ပြည့်ပြီး အသက် ၂၀ ထဲ ရောက်ပြီလေ။ လူကြီးဖြစ်ပြီ။ ကိုယ့်ဘဝ ကိုယ့်လမ်းကို ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လျှောက်ခွင့် ရနေပြီ။ လျှောက်လည်း လျှောက်ရတော့မယ်။

**သမီးလေး လမ်းရွေးမမှားပါစေနဲ့။ လမ်းမှာတွေ့မယ့် ခရီးဖော်အရွေးအမှားပါစေနဲ့။ ကိုယ့်လမ်းကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အောင်မြင်ပျော်ရွှင်စွာ ဖြတ်သန်းသွားနိုင်ပါစေလို့ ဖေဖေဆုတောင်းပေးလိုက်ပါတယ်။ ဖေဖေကတော့ စိုးရိမ်စိတ်နဲ့ ရင်တထိတ်ထိတ် စောင့်ကြည့်နေရမှာပါ သမီးရယ်။ သမီးလေး တိုးတက်အောင်မြင် ပျော်ရွှင်ငြိမ်းချမ်းပါစေ။**

သမီးလေးကို အနှိုင်းမဲ့ချစ်တဲ့ ဖေဖေ

ကောင်းသန့်

သမီး ...

ဒီနေ့ဟာ ...
မြန်မာနှစ်ဆန်းတစ်ရက်နေ့။
စိတ်အညစ်ပေဟာင်းတွေ
နှစ်ဟောင်းမှာထားခဲ့ပြီး
စိတ်သစ်လူသစ်နဲ့
နှစ်သစ်ကိုကြို။
ဘဝကို တိုးတက်အောင်ကြိုးပမ်း။
လန်းဆန်းပျော်ရွှင်ပြီး
အောင်မြင်မှုအပေါင်း
ခညောင်းပါစေလို့
ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

ဖေဖေ

သမီးလေး ...

ဂုဏ်ပကာသနဆိုတာ
မွေးတုန်းက ပါမလာခဲ့သလို
သေသွားတော့လည်း
ဘယ်သူမှ ယူမသွားနိုင်ပါဘူး။
မိုးကောင်းကင်မှာ
လွင့်မျောနေတဲ့ တိမ်တိုက်တွေလိုပါပဲ။
ဒါတွေအတွက်နဲ့
စိတ်ပျက်အားငယ်နေတာမျိုး
မာန်တက်ပြီး စိတ်ကြီးဝင်နေတာမျိုး
မဖြစ်စေနဲ့နော်။

ဖေဖေ

သမီး ...

လူ့ဘဝမှာ
ကိစ္စတွေအားလုံးဟာ
အချိန်အခါ အခြေအနေအလိုက်
ပြောင်းလဲသွားတတ်စမြဲမို့
ဘယ်အရာကိုမှ ပုံသေကားချပ်
တရားသေ မမှတ်စေချင်ဘူး။
ပြောင်းလဲခြင်းတရားကို နားလည်ရင်
ကိုယ့်အလိုဆန္ဒနဲ့ မကိုက်ညီဘဲ
ပြောင်းလဲသွားခဲ့ရတဲ့ ကိစ္စတွေကိုလည်း
နားလည် သဘောပေါက်ပါ။
ခွင့်လွှတ်တန် ခွင့်လွှတ်
မေ့သင့်တာ မေ့ပစ်လိုက်ပါ။
စိတ်ထဲမှာ အမှတ်ထားပြီး
ခံစားမနေစေချင်ဘူးကွယ်။

ဖေဖေ

သမီးရယ် ...

မြစ်ပြင်မှာ ပျံနေတဲ့ငှက်
အတောင်ညောင်းသွားပေမယ့်
ရေထဲမှာကျ မသေချင်သလို
လူတွေမှာလည်း
အင်အားမရှိတော့ပေမယ့်
မာနတော့ လျှော့ချင်မှာ မဟုတ်ဘူး။
မာနလက်ကျန်နဲ့
ခေါင်းငုံ့ခံချင်မှာ မဟုတ်ဘူးဆိုတာ
သမီးလေးကို သိစေချင်တယ်။
ဒါကြောင့် ...
ဘယ်သူ့ကိုပဲဖြစ်ဖြစ်
သူ့မာနကို ထိခိုက်သွားအောင်
မလုပ်မိစေနဲ့နော်။

ဖေဖေ

သမီး ...

ဒီကမ္ဘာကြီးမှာ
လှပတဲ့နေရာ
သာယာတဲ့ရှုခင်းနဲ့
ကြည်နူးစရာ မြင်ကွင်းတွေ
အများကြီးရှိနေပါတယ်ကွယ်။
အဲ့ဒီ အလှအပတွေကို
ကြည့်တတ်မြင်တတ်တဲ့
အသိနဲ့ သတိရှိဖို့ပဲ လိုပါတယ်။

ဖေဖေ

သမီးရယ် ...

မှန်တိုင်းထန်ပြီးရင်
သေပြည်ရောက်လာစမြဲပါပဲ။
မိုးရွာပြီးရင်လည်း
နေသာစမြဲပါပဲ။
နေပူကို ဖြတ်လျှောက်ပြီးရင်လည်း
နေရိပ်ရောက်ရတာပဲ မဟုတ်လား။
ဒီတော့ ...
ဒုက္ခရောက်ပြီးရင်လည်း
သုခရောက်လာဦးမယ်ဆိုတာ
အသေအချာ ယုံပါကွယ်။

ဖေဖေ

သမီး ...

ပန်းကောင်းတစ်ပွင့်ကို
နွားချေးပုံပေါ်မှာ
သွားထိုးထားရင်
ဘာ တန်ဖိုးရှိတော့မှာလဲကွယ်။
ထို့အတူပဲ
တန်ဖိုးရှိတဲ့ မိန်းကလေးတစ်ယောက်ဟာ
နိုက်ကလပ်ရဲ့ မီးမှိန်မှိန်အောက်မှာ
နေရာမှားပြီး ရောက်နေခဲ့ရင်
တန်ကြေးရှိတဲ့ မိန်းကလေးပဲ
ဖြစ်သွားတော့မှာပေါ့။
သမီးတို့အရွယ် မိန်းကလေးတွေကို
တန်ဖိုးရှိတဲ့သူတွေပဲ
ဖြစ်စေချင်ပါတယ်ကွယ်။
တန်ကြေးရှိတဲ့ မိန်းကလေးတွေ
မဖြစ်စေချင်ပါဘူး။

ဖေဖေ

သမီးလေး ...

လူတစ်ယောက်ဟာ
ခေါင်းတစ်လုံးနဲ့
ပါးစပ်တစ်ပေါက်သာ ရှိပါစေ။
ဘာမဆို ဖန်တီးရယူနိုင်တယ်ဆိုတဲ့
စိတ်ဓာတ်မျိုး ရှိသင့်တယ်။
ခေါင်းနဲ့ အကြံထုတ်
ပါးစပ်နဲ့ အလုပ်လုပ်ပြီး
ကြီးပွားသွားနိုင်တယ်လို့
ဆိုလိုချင်တာပါ သမီးရဲ့။
မယုံမရှိနဲ့ သမီးရေ
အဲ့ဒါ ... ဖေဖေ့ကိုယ်တွေ့။

ဖေဖေ

သမီး ...

မှိုင်းဝနေတဲ့ မီးပုံးပျံဟာ
မိုးပေါ်ကို ပျံတက်သွားပေမယ့်
အချိန်တန်တော့
ပြန်ကျလာရတာပဲ မဟုတ်လား။
လူတွေဟာ
အတိတ်ကံအကျိုးပေးလေး
ကောင်းနေတုန်းအခါမှာ
မှိုင်းဝနေတဲ့ မီးပုံးပျံလိုပဲ
အတက်မြန်တတ်ပေမယ့်
အတိတ်ကံ အကျိုးပေးကုန်တဲ့အခါ
ပြန်ကျလာတဲ့ မီးပုံးပျံလိုပဲ
သုံးစားလို့ မရဘဲ ဖြစ်တတ်တယ်။
အဲ့ဒါကို ...
သဘောပေါက် ... နော်။

ဖေဖေ

သမီး ...

ကြမ်းကျွံရင် နှုတ်လို့ရတယ်။
စကားကျွံရင် နှုတ်လို့မရဘူးလို့
ဆိုရိုးစကားရှိပါတယ်။
ဒါကြောင့် ...
ကြမ်းလည်း မကျွံစေနဲ့
စကားလည်း မလွန်စေနဲ့ပေါ့။
သတိထားပြီးသွားရင်
ကြမ်းကျွံဖို့ မရှိသလို
စဉ်းစားပြီး ပြောရင်လည်း
စကားလွန်ဖို့ မရှိပါဘူး။
သိပ် အစဉ်းစားလွန်ပြီး
ကြမ်းကျွံမှာလည်း
ကြောက်မနေနဲ့ဦးနော်။

ဖေဖေ

သမီး ...

ဒါ ဘာလဲလို့
ဝ လုံးတစ်လုံးကို ရေးပြတဲ့အခါ
ကဗျာဆရာက သာယာလှပတဲ့
လပြည့်ဝန်းကြီးတဲ့။
သင်္ချာ ဆရာကတော့
သုညတဲ့။
အင်္ဂလိပ်စာ ဆရာကတော့
ဇီးရိုးတဲ့။
တရားသမားကတော့
သံသရာစက်ဝိုင်းတဲ့လေ။
ကိုယ်မြင်တာတွေကို
ကိုယ့်အသိ ကိုယ့်အတွေးတွေနဲ့
ကိုယ့်ရှုထောင့်က ကိုယ်မှန်တယ်ထင်တာ
ပြောနေကြတာပါပဲကွယ်။
ဒါတွေ သမီးသဘောပေါက်ရင်
အမြင်မတူတဲ့သူတွေနဲ့
ငြင်းခုံပြီး အချိန်မကုန်စေနဲ့နော်။

ဖေဖေ

သမီးလေး ...

ဆင်တစ်ကောင်လုံးကို မြင်ပြီးမှ
ဆင်ခြေရာကို လိုက်ရှာနေတဲ့သူဟာ
ခပ်ချာချာလူပဲ ဖြစ်ရမယ်။
မလိုအပ်ဘဲ အချိန်ဖြုန်းနေတဲ့
ခပ်တုံးတုံးလူလည်း ဖြစ်နိုင်တယ်။
သမီးလေးကို ...
အဲ့ဒီလိုလူမျိုး
မဖြစ်စေချင်ဘူးကွယ်။

ဖေဖေ

သမီး ...

**He is only bright that**
**shines by himself.**
သူ့ကိုယ်သူ အရောင်တင်တဲ့သူသာလျှင်
အရောင်လက်တယ်တဲ့။
ကိုယ့်ဘဝကိုယ် တောက်ပြောင်အောင်
ကြိုးစားမှ တကယ့်အရောင်ထွက်တာ
စိန်နားကပ်ရောင်နဲ့
ပါးပြောင်တာမျိုးကတော့ ခဏပဲ။
ဒါကို သမီး အသေအချာနားလည်ပါ။
စိန်နားကပ် အရောင်နဲ့
ပါးပြောင်ချင်တဲ့ သူမျိုး
ဘယ်တော့မှ မဖြစ်ပါစေနဲ့။

ဖေဖေ

သမီးရေ ...

လူတွေဟာ ကမ္ဘာကြီးဘာဖြစ်ဖြစ်
သူ့အတွက် အရေးမကြီးဘူး။
သူ့ရဲ့ လိုအပ်ချက်နဲ့ အလိုဆန္ဒ
ပြည့်ဝဖို့သာ အရေးကြီးဆုံးလို့
ထင်နေတတ်ကြတယ်။
သူတို့ထင်တာလည်း မမှားပါဘူးကွယ်။
ဒါပေမဲ့ ...
ကိုယ့်ဘဝ ကိုယ့်ကိစ္စကိုပဲ
အရေးကြီးဆုံးလို့ ထင်နေကြရင်
ကမ္ဘာကြီးလှပ သာယာ ငြိမ်းချမ်းအောင်
ဘယ်သူတွေက လုပ်ကြမှာလဲကွယ်။
လုပ်ချင်တဲ့သူတွေ လုပ်ကြလိမ့်မယ်လို့
ပြောမယ်ဆိုလည်း ပြောကြပါစေ။
အဲ့ဒီလုပ်ချင်တဲ့သူတွေ အထဲမှာ
သမီးလေးပါရင် ဖေဖေ ကျေနပ်ပြီ။
ဘာပြုလို့လည်းဆိုတော့
ကမ္ဘာကြီးကို လှပတိုးတက်
ငြိမ်းချမ်းသာယာအောင် လုပ်ချင်သူဟာ
သူ့ပတ်ဝန်းကျင်ကို ကောင်းမွန်အောင်
ဆောင်ရွက်နေမှာ အသေအချာ
ဖြစ်နေလို့ပဲပေါ့။

ဖေဖေ

သမီး ...
ကမ္ဘာကျော်ဂီတပညာရှင်ကြီး
ဗီသိုဗင်ဟာ အသက် ၂၆ နှစ်မှာ
အကြားအာရုံချွတ်ယွင်းပြီး
ဘာမှုမကြားရအောင် နားပင်းသွားခဲ့တယ်။
အသံကိုနားထောင်ပြီး တေးသီချင်းတွေကို
ရေးစပ်သီကုံးရတဲ့ ဂီတပညာရှင်တစ်ယောက်အနေနဲ့
ဘယ်လောက်ဒုက္ခရောက်သွားမလဲဆိုတာ
စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။
ဒါပေမဲ့ ...
ဗီသိုဗင်ဟာ စိတ်ဓာတ်မကျဘဲ
တေးသီချင်းတွေကို ဆက်လက်သီကုံးစပ်ဆိုခဲ့တယ်။
စိတ်အတွေးနဲ့ ရေးခဲ့တဲ့ သူ့ရဲ့သံစုံတေးသွားဟာ
ယနေ့အထိ ကမ္ဘာ့ဂန္ထဝင်တေးတွေအဖြစ်
ထင်ရှားကျော်ကြားနေတုန်းပါပဲ။
ဒါပေမဲ့ သူ့သီချင်းသံတွေကိုတော့
သူပြန်ပြီး နားမဆင်နိုင်ခဲ့ဘူးပေါ့။
သူဟာ ဘယ်လိုစိတ်ဓာတ် ဘယ်လိုအတွေးမျိုးနဲ့
ဒီလောက်ကြီးကျယ် ထင်ရှားတဲ့ဂန္ထဝင်တေးတွေကို
စပ်ဆိုသီကုံးနိုင်ခဲ့သလဲဆိုတာ သိချင်လိုက်တာ။
သူ့လို အခြေအနေမျိုးရောက်ရင် သူ့လိုမျိုး စိတ်ဓာတ်
မကျဘဲ အောင်မြင်အောင် ကြိုးပမ်းကြဖို့ ဗီသိုဗင်က
ဖေဖေတို့ကို သင်ခန်းစာ ပေးသွားခဲ့တယ်နော်။

ဖေဖေ

သမီး ...

ဖေဖေတို့ ရန်ကုန်မှာရှိတဲ့
ကိုယ်တိုင်ယူစားရတဲ့
စားသောက်ဆိုင်တွေကို
သမီးရောက်ဖူးတယ်နော်။
ကိုယ်စားချင်တာကို ပြော
ကျသင့်ငွေကို ရှင်း
ကိုယ်စားချင်တဲ့ အစားအစာကို
ကိုယ့်ဘာသာ လင်ပန်းလေးနဲ့သယ်
ထိုင်ခုံမှာ ပြန်ထိုင်စားရတာ
သမီး သိတယ်နော်။
အဲ့ဒီလိုဆိုင်မျိုးတွေမှာ
သမီးစားချင်တာကို စားရဖို့
ထိုင်စောင့်နေရင်တော့
ဘာမှ စားရမှာ မဟုတ်ဘူး။
ဘဝဆိုတာ ... တစ်ခါတစ်ရံ
ကိုယ်တိုင်ယူစားရတဲ့
စားသောက်ဆိုင်နဲ့ တူတယ်ကွဲ့။

ဖေဖေ

သမီး ...

လှပတဲ့ သက်တန့်တစ်ခုဖြစ်ဖို့
နေရောင်နဲ့ မိုးရေရှိမှ ဖြစ်တယ်။
လှပတဲ့ ဘဝတစ်ခုဖြစ်ဖို့ ဆိုရင်လည်း
အကောင်းနဲ့အဆိုး
အကြောင်းနဲ့ အကျိုးတွေရှိမှ
ဖြစ်နိုင်တယ်။
အကောင်းအဆိုး
အကြောင်းအကျိုးတွေ မရှိဘဲ
ဘဝတစ်ခု မဖြစ်နိုင်ဘူး။
ဒါကို သမီးလေး
သေချာသဘောပေါက်ခဲ့ရင်
အကောင်းကိုချည်းမျှော်လင့်ပြီး
အဆိုးကို လက်မခံဘဲ
ငြင်းဆန်မနေနဲ့နော်။
အကျိုးတရားကိုသာမြင်ပြီး
အကြောင်းတရားကို
မစဉ်းစားမိတာမျိုးလည်း
မဖြစ်ပါစေနဲ့။

ဖေဖေ

သမီး ...

စာပေပညာရှင်တစ်ဦးဖြစ်တဲ့
ဘိုင်ရွန်က ပြောခဲ့ဖူးတယ်။
ကျုပ်တို့ဟာ တိရစ္ဆာန်လို
အသက်ရှင်နေရမယ်ဆိုရင်
လူလိုသေသွားတာက
ပိုကောင်းပါတယ် ... တဲ့။
ပညာရှိစကားမှာ
စဉ်းစားစရာတွေ ပါတယ်နော်။
အိပ်၊ စား၊ ကာမကိစ္စတွေအတွက်သာ
အသက်ရှင်နေမယ်ဆိုရင်
တိရစ္ဆာန်နဲ့အတူတူပဲ
ဖြစ်သွားလိမ့်မယ်။
လူနဲ့တူအောင်
အများအကျိုးဆောင်ပါ။
စိတ်ဖြူဖြူစင်စင်နဲ့
ကူညီချင်တဲ့သူ ဖြစ်ပါစေ။

ဖေဖေ

သမီး ...

တစ်ခါတစ်ရံမှာ
လူတစ်ယောက်အတွက်
ခက်ခဲပါတယ်ဆိုတဲ့ ကိစ္စဟာ
အခြားလူတစ်ယောက်အတွက်တော့
အလွယ်လေး ဖြစ်နေတတ်တယ်။
ကိုယ်က အလွယ်လေးလို့
သိထားတဲ့ ကိစ္စတစ်ခုဟာ
အခြားသူ တစ်ဦးအတွက်
အလွန်ခက်ခဲနေပြန်ရော။
ဒါကြောင့် ...
**ကိုယ့်အတွက် ခက်ခဲလို့**
**သူများလည်း ခက်ခဲနေလိမ့်မယ်လို့**
**တထစ်ချ မမှတ်နဲ့။**
**ကိုယ့်အတွက် လွယ်ပေမယ့်လည်း**
**သူများတွေလည်း လွယ်လိမ့်မယ်လို့**
**လုံးဝ ယုံကြည်မထားနဲ့နော်။**
**အခြေအနေချင်း မတူကြဘူးဆိုတာ**
**သမီးလေး နားလည်ပါ။**

ဖေဖေ

သမီး ...

ငါးဟင်း စားချင်မှတော့
အရိုးထွင်ရမှာ ကြောက်မနေပါနဲ့။
မတော်တဆ အရိုးစူးသွားရင်
ဘယ်လိုလုပ်မလဲဆိုတဲ့
အတွေးမျိုးတွေ တွေးပြီး
ငါးဟင်းကို စားချင်ရက်နဲ့
မစားရဲဘဲ ဖြစ်မနေနဲ့ဦးနော်။
အရိုးကို သေချာထွင်ပြီး
ဂရုစိုက်စားရင် ဖြစ်ပါတယ် သမီးရဲ့။
အရိုးကိုပဲ မြင်ပြီး
ငါးဟင်းကို မစားရဲရင်တော့
ငါးဟင်းရဲ့ အရသာကို
သမီးဘယ်သိတော့မှာလဲကွယ်။

ဖေဖေ

သမီး ...

တစ်နှစ်လောက် ဝတ်ရမယ့်
အင်္ကျီတစ်ထည်ကို
ငွေတစ်ထောင်ကျော်လောက်
ပေးဝယ်ရမှာ မနှမြောပေမယ့်
ကိုယ့်ဘဝကို
တိုးတက်ထက်မြက်စေမယ့်
စိတ်နှလုံးကို ငြိမ်းချမ်းစေနိုင်ပြီး
ဘဝအသိတရားတွေ ရစေတဲ့
စာအုပ်မျိုးတွေ ဝယ်ဖို့ကျတော့
ငွေသုံးလေးရာကို
နှမြောတွန့်တို နေမိတတ်တယ်။
ဒါမှန်သလား၊ မှားသလား။
သမီးလေးအနေနဲ့
အလေးအနက်ထား စဉ်းစားစေချင်တယ်။
ဖေဖေ့ဆန္ဒကတော့
ခန္ဓာကိုယ် အလှအပအတွက်
ဝတ်စားပြင်ဆင်ရတဲ့ ပစ္စည်းတွေထက်
စိတ်အဟာရဖြစ်စေတဲ့ စာအုပ်မျိုးတွေကို
ပိုတန်ဖိုးထားပြီး ဝယ်စေချင်တာပါပဲ။

ဖေဖေ

သမီး ...

ဘဝဆိုတာ
ပွဲတင်သံ တစ်ခုပါပဲ။
ပွဲတင်သံဆိုတာ
လိုဏ်ခေါင်းတစ်ခုထဲမှာ
တစ်ခုခုကို ကိုယ်အော်လိုက်ရင်
ကိုယ့်အော်သံ ကိုယ်ပြန်ကြားရတာကို
ပြောတာ သမီးရဲ့။
ကိုယ်အော်လိုက်ရင်
ကိုယ်ပြန်ကြားရတဲ့ ပွဲတင်သံလိုပဲ
ကိုယ်ပေးသမျှ ကိုယ်ပြန်ရတာ
အဲ့ဒါ ... ဘဝပါပဲကွယ်။
ဒါကြောင့် ...
ဘယ်သူ့ကိုပဲဖြစ်ဖြစ်
ကိုယ့်ဘက်က အကောင်းဆုံးကိုပဲ
အမြဲပေးစေချင်တယ်။

ဖေဖေ

သမီး ...

စိတ်ချမ်းသာမှုဆိုတာ
လူတစ်ယောက်အတွက်
အရေးကြီးဆုံးနဲ့ တန်ဖိုးအရှိဆုံးအရာပဲ။
လူတစ်ယောက်မှာ ...
စိတ်ချမ်းသာမှု မရှိတော့ဘူးဆိုရင်
အသက်ရှင်နေရပေမယ့်
အဓိပ္ပာယ်မဲ့သွားသလိုပဲ။
အဲ့ဒီစိတ်ချမ်းသာမှုကို
ဘာနဲ့မှ အလဲအထပ် လုပ်မပစ်လိုက်ပါနဲ့။
မတော်တဆ ကျေးဇူးတရားကြောင့်
ကိုယ့်ရဲ့စိတ်ချမ်းသာမှုကို စွန့်လွှတ်ပြီး
သူ့အကြိုက် လုပ်ပေးရမယ်ဆိုရင်တောင်
အသေအချာ အချိန်ယူစဉ်းစားပြီးမှ
ဆုံးဖြတ်လုပ်ကိုင်စေချင်တယ်။
ကျေးဇူးတရားကို
အခြားနည်းလမ်းတွေနဲ့ ပေးဆပ်လို့ ရပါတယ်။
ကိုယ့်ရဲ့ စိတ်ချမ်းသာမှုနဲ့တော့
အလွယ်တကူ မပေးဆပ်ပါနဲ့လို့
ဖေဖေအကြံပေးချင်တယ်။

ဖေဖေ

သမီး ...
ဖေဖေတို့ မိဘတွေဟာ
သားသမီးကို ဆင်စီးပြီး မြင်းရံတာ
မြင်ချင်တဲ့ စိတ်တစ်ခုနဲ့
သားသမီးတွေရဲ့ ဆန္ဒသဘောထားတွေကို
အလေးထား နားမထောင်ဘဲ
ကိုယ့်အထင် ကိုယ့်အမြင်နဲ့
ဖွတ်အတင်း အိမ်ထောင်ချပေးတတ်ကြတယ်။
သားသမီးကို ချစ်လွန်းတဲ့အတွက်
စေတနာနဲ့ လုပ်တာပါလို့ ပြောပေမယ့်
တကယ့်လက်တွေ့ကတော့
ကိုယ့်အတ္တကို ကိုယ်ချစ်ပြီး ကိုယ်လုပ်ချင်တာကို
အတင်းအဓမ္မ အနိုင်ကျင့်လုပ်လိုက်တာပါပဲ။
ဒီလိုဖွတ်အနိုင်ကျင့် လုပ်တာမျိုး
ဖေဖေ ဘယ်တော့မှ မလုပ်ပါဘူးကွယ်။
သမီးကလည်း ဖေဖေ့အမြင်မှာ သုံးစားမရလို့
သားမက်မတော်သင့်တဲ့ သူမျိုးကို
ဖွတ်အတင်းအဓမ္မ
လိုချင်တာမျိုးလည်း မဖြစ်စေနဲ့ပေါ့။
အဲ့ဒီကိစ္စမျိုးပေါ်တဲ့အခါ
ဖေဖေတို့ သားအဖ အချိန်ယူပြီး
အကျေအလည် ညှိကြတာပေါ့နော်။

ဖေဖေ

သမီး ...

ဘာပဲလုပ်လုပ် အကျိုးရလဒ်ဆိုတာ
ချက်ချင်းရချင်မှ ရတာ။
အခု ရေတွင်းတူး အခုရေကြည်သောက်ချင်လို့
ဘယ်ရပါ့မလဲ။
အဲ့ဒီအခါမျိုးမှာ
စိတ်တိုပြီး အလိုမကျ ဖြစ်မနေနဲ့နော်။
စိတ်ရှည်ရှည်ထား သည်းခံပြီး
ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ပါ။
သမီးလိုချင်တဲ့ အကျိုးရလဒ်မျိုး
သေချာပေါက် ရလာပါလိမ့်မယ်။
ဖေဖေပြောတာ မယုံရင်
သမီးကိုယ်တိုင် လက်တွေ့စမ်းကြည့်
အမှန်ကို သိလာပါလိမ့်မယ်။

ဖေဖေ

သမီးလေး ...

တရားနဲ့အိပ်
တရားနဲ့ နိုးထခြင်းဟာ
မင်္ဂလာ ... တဲ့။
ဖေဖေအိပ်ရာဝင်တဲ့အခါ
ဖေဖေကြည်ညိုလေးစားတဲ့
ဆရာတော်တစ်ပါးပါးရဲ့
တရားတိတ်ခွေ တစ်ခွေကို
ကက်ဆက်ဖွင့် နာကြားပြီးမှ
အိပ်လေ့ရှိသလို
အိပ်ရာက နိုးထတဲ့အခါမှာလည်း
အသံသြဇာကြည်လင် အေးချမ်းတဲ့
ဆရာတော်တစ်ပါးပါးရဲ့
ပရိတ်တရားတော်ကိုဖွင့်ထားပြီး
လုပ်စရာရှိတဲ့အလုပ် လုပ်ပါတယ်။
ရေးစရာရှိတဲ့ စာရေးပါတယ်။
ဖေဖေ့လို သမီးလေးလုပ်ကြည့်ပါလား။
စိတ်နှလုံး ချမ်းမြေ့စွာ အိပ်စက်ရခြင်း
စိတ်ကြည်လင်စွာ နိုးထရခြင်းစတဲ့
အရသာတွေကို သမီးလေးရရှိလိမ့်မယ်။

ဖေဖေ

သမီး ...

ဖေဖေရေးခဲ့ဖူးတဲ့
ကဗျာတစ်ပုဒ်ကို ရွတ်ပြချင်တယ်။
*သက်နှစ်ဆယ်မှာ*
*အရာရာကို*
*ငါသိတာချည်း ထင်မိ၏။*
*သက်လေးဆယ်မှာ*
*အရာရာကို ၊ ငါသိသည်မှာ*
*နည်းအကျဉ်းသာ။*
*သက်ခြောက်ဆယ်မှာ*
*အရာရာကို ၊ ငါဘာမျှမသိ*
*ငါသိသည်မှာ*
*ငါဘာမျှ မသိ။*
ကဲ ... ဖေဖေ့ကဗျာလေးကိုဖတ်ပြီး
သမီးဉာဏ်မှီသမျှ တွေးကြည့်စမ်း။
ဖေဖေ ဘာဆိုလိုချင်တာလဲ။
ကဗျာဆိုတာ ဖတ်ပြီး
ကိုယ့်ဘာသာ ခံစားကြည့်ရတာမျိုးမို့
ကဗျာရဲ့ ဆိုလိုရင်းကို
ဖေဖေကြိုပြီး ရှင်းမပြထားတာ
သမီးလေး နားလည်မယ်ထင်ပါရဲ့။

ဖေဖေ

သမီး ...

သမီးလေးရဲ့ မွေးနေ့ပွဲလေးကို
စားသောက်ဆိုင်တစ်ခုမှာ
ဖေဖေ ကျင်းပပေးခဲ့ပါတယ်။
ဖေဖေတို့ မိသားစုနဲ့
ဖေဖေ ချစ်ခင်လေးစားရတဲ့
မိတ်ဆွေသူငယ်ချင်း နှစ်ယောက်လည်း
ပါဝင်ခဲ့ကြတယ်လေ။
ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြတဲ့
အဲ့ဒီ မွေးနေ့ပွဲလေးမှာ
သမီးလေးအတွက် အမှတ်တရဖြစ်စေမယ့်
စကားလက်ဆောင် ပေးချင်လို့ စဉ်းစားနေတုန်း
ဖေဖေ့သူငယ်ချင်း ဦးအောင်ဖြိုးက
အကြောင်းအရာတစ်ခုနဲ့ ပတ်သက်ပြီး
ပြောပြလိုက်တဲ့ စကားတစ်ခွန်းကိုပဲ
သမီးလေးအတွက် လက်ဆောင်ပေးချင်တယ်။
ဆင်မိုက်ကို ခြင်ကိုက်တာမျိုးကတော့
ပျင်းတောင် ပျင်းသေးတယ်တဲ့။
သမီးလေးမှတ်ထားနော်။
အဲ့ဒီစကားရဲ့ အဓိပ္ပာယ်ကို တစ်နေ့တော့
သမီးလေး နားလည်လာပါလိမ့်မယ်။

ဖေဖေ

သမီးရယ် ...

လောကကြီးထဲမှာ
တရားမျှတမှုနဲ့
အမှန်တရားကို
မောပန်းတကြီး လိုက်ရှာမနေပါနဲ့။
လူသားအားလုံးဟာ
အမြဲတမ်း တရားမျှတနေအောင်
မစွမ်းဆောင်နိုင်ကြသလို
အမြဲတမ်းလည်း မှန်ကန်အောင်လည်း
မဆောင်ရွက်နိုင်ကြပါဘူး။
မှန်လိုက် မှားလိုက်နဲ့
လူ့ဘဝခရီးကို
ကိုယ့်နည်းကိုယ်ဟန်နဲ့
သွားနေကြတာပါပဲ။
ဒါ့ကြောင့် ...
တရားမျှတမှုနဲ့ အမှန်တရားကို
လိုက်ရှာနေမယ့်အစား
ကိုယ်ရဲ့ ပြောဆိုပြုမူ ဆောင်ရွက်မှုတွေကို
တရားမျှတပြီး မှန်ကန်နေအောင်
အမြဲတမ်း ကြိုးစားနေပါလို့သာ
ဖေဖေ ... တိုက်တွန်းချင်တယ်။

ဖေဖေ

သမီး ...

ဘဝရဲ့ တစ်ဆစ်တစ်ချိုးမှာ
ရေဆန်လေထန်တာမျိုး ကြုံတတ်တယ်။
အဲ့ဒီလိုမျိုး အချိန်ရောက်ရင်
ဖွဲလုံ့လ ဝီရိယနဲ့
ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့
ကြိုးစားစေချင်တယ်။
ရေဆန်လမ်းမှာ
လက်ပမ်းမကျစေနဲ့။
လေထန်လမ်းမှာ
ဝမ်းနည်းအားငယ်မနေနဲ့။
လေထန်ရေဆန်တတ်တဲ့
လောကဓံကို ရင်ဆိုင်ပြီး
တွန်းလှန်ကျော်ဖြတ်သွားနိုင်တဲ့
သတ္တိရှိတဲ့ သမီးလေးဖြစ်စေချင်တယ်။

ဖေဖေ

သမီးရယ် ...

အပြစ်တင်နေတဲ့ လူအနားမှာ
ဘယ်သူနေချင်မလဲကွယ်။
အပြစ်မြင်နေတဲ့ လူကိုလည်း
ဘယ်သူချစ်ခင်မလဲကွယ်။
သမီးလေးဟာ
အပြစ်တင် အပြစ်မြင်တတ်တဲ့
လူစားမျိုး ဖြစ်နေရင်
သမီးအနားမှာ
ချစ်ခင်စွာ နေထိုင်ချင်တဲ့လူ
ဘယ်သူမှ ရှိမှာမဟုတ်တော့ဘူး။
အဲ့ဒါကို ကြို့ပြီး
နားလည် သဘောပေါက်ပါကွယ်။
လူတွေကို
အပြစ်မြင် အပြစ်တင်တတ်တဲ့လူမျိုး
သမီး မဖြစ်စေနဲ့နော်။

ဖေဖေ

သမီး ...

မိန်းကလေးချင်းချင်း စုမိရင်
ရောက်တတ်ရာရာ ပြောကြတာ
ဒါ ... သဘာဝပါပဲ။
မှန်ကန်တဲ့ အကြောင်းအရာတွေ
ပြောဆိုမိကြရင်တော့
သတင်းစကားတွေ ပြောကြတာပေါ့။
သူတစ်ပါးကို ထိခိုက်နစ်နာစေပြီး
မှန်မမှန် သေချာမသိရတဲ့
အကြောင်းအရာကိစ္စတွေကို
ပြောဆိုနေကြပြီဆိုရင်တော့
အဲ့ဒါ ... အတင်းအဖျင်း ပြောတာပဲသမီး။
သတင်းစကားတွေ
ပြောချင်ပြောပါ သမီးရယ်။
အတင်းအဖျင်း စကားတွေကိုတော့
မပြောမိပါစေနဲ့ ... ကွယ်။

ဖေဖေ

သမီး ...

ဒုက္ခိတဖြစ်ပြီး
လုပ်ကိုင် မစားနိုင်တော့လို့
ကိုယ့်ဆီကို အသနားခံပြီး
လာတောင်းရမ်းနေမှတော့
သဒ္ဓါတတ်အားသရွေ့
ပေးကမ်းကူညီလိုက်ပါကွယ်။
အော်ဟစ်မောင်းထုတ်ပြီး
မျက်နှာ မလွှဲလိုက်နဲ့နော်။
အထူးသဖြင့်
ဒုက္ခိတနဲ့ သက်ကြီးရွယ်အို
မိန်းမသားတွေကိုတွေ့ရင်
လူသားချင်း စာနာစိတ်ထားပါ။
ဒါန ပါရမီဆိုတာ
ဒီလိုနေရာမျိုးက စပြီး
ဖြည့်ဆည်း လေ့ကျင့်သွားရမှာပဲ မဟုတ်လား။

ဖေဖေ

သမီး ...

ဖေဖေ့ဆီကို
ပြည်တွင်းပြည်ပက စာတွေ
အတော်များများရောက်တယ်။
ဖေဖေရေးတဲ့
သမီးလေးဖတ်ဖို့ စာအုပ်ကိုဖတ်ပြီး
မိဘတွေအပေါ် ခါတိုင်းထက်ပိုပြီး
ချစ်ခင်လေးစားမိသတဲ့။
ဘဝအားမာန်တွေ ရှင်သန်ပြီး
ကြိုးစားရုန်းကန်ရဲတဲ့ သတ္တိတွေ
ပိုပြီး ရှိလာသတဲ့။
လူ့လောက ကောင်းကျိုးကိုဆောင်ရွက်ပြီး
ဘဝကို တန်ဖိုးရှိအောင် နေသွားချင်သတဲ့။
အဲ့ဒီစာတွေဖတ်ပြီး
ဖေဖေကျေနပ် ဝမ်းသာ ဖြစ်ရတယ်ကွယ်။
**ဘဝကို ရုန်းကန်ရဲတဲ့ သတ္တိရှိပြီး**
**လူ့လောကကောင်းကျိုးကို သယ်ပိုးချင်တဲ့**
**ဖေဖေ့မျိုးဆက် သမီးလေးတွေ**
**နေရာအနှံ့အပြားမှာရှိနေကြပြီဆိုတဲ့**
**အသိစိတ်နဲ့ ပီတိဖြစ်နေမိတာပါကွယ်။**

ဖေဖေ

သမီး ...

ဘုရားအဆူဆူကို သွားပြီး
နေပူခံကျောက်ပြားတွေကို
တတ်အားသရွေ့ ဖေဖေလှူတယ်။
လူတွေရဲ့ ပူလောင်မှုကို
အေးချမ်းစေချင်တဲ့ စိတ်စေတနာနဲ့ပေါ့။
လူအများ စုဝေးရောက်ရှိတဲ့ နေရာမျိုးမှာ
ရာသီဥတုဒဏ်ကို ကာကွယ်ပေးဖို့
ကျောင်းဇရပ်တွေ ဆောက်လုပ်လှူဒါန်းနိုင်ရင်
ပိုကောင်းတာပေါ့ သမီးရယ်။
ကိုယ်မလှူဒါန်းနိုင်သေးခင်မှာ
လှူဒါန်းထားကြသူတွေရဲ့
အမည်စာရင်းကို ဖတ်ပြီးတော့
မုဒိတာပွားပေးခြင်းဟာလည်း
ကုသိုလ်ရခြင်း တစ်မျိုးပဲပေါ့။
ဘုရားတွေကိုရောက်ရင်
ဖေဖေပြောတာ မမေ့နဲ့နော်။

ဖေဖေ

သမီး ...

သောကတွေ ဖိစီးလာတဲ့အခါ
ဆုံးရှုံးမှုနဲ့ တွေ့ကြုံတဲ့အခါ
ချစ်ခင်သူများနဲ့ ကွေကွင်းရတဲ့အခါ
မျှော်လင့်ချက်တွေ ကင်းမဲ့သွားတဲ့အခါ
ဒုက္ခတွေနဲ့ ရင်ဆိုင်ရတဲ့အခါမျိုးတွေမှာ
လက်ရှိအခြေအနေကနေ
ထွက်မပြေးပါနဲ့။
ထွက်ပြေးခြင်းဟာ
အရှုံးပေး ဒူးထောက်ခြင်းတစ်မျိုးပါပဲ။
ကြံ့ကြံ့ခံ ရင်ဆိုင်ပါ။
အခက်အခဲတွေကို အချိန်ယူပြီး
တစ်ခုချင်း ဖြေရှင်းဖို့ ကြိုးစားပါ။
အချိန်တန်တော့ အခက်အခဲမှန်သမျှ
ပြေလည်သွားကြတာချည်းပါပဲ။
ဒါကြောင့် ... ထွက်မပြေးပါနဲ့။
ပြေလည်ချိန်ရောက်တဲ့အထိ
စိတ်ရှည်ရှည်နဲ့ စောင့်ပါလို့
ဖေဖေ အကြံပြုချင်တယ်။

ဖေဖေ

သမီးလေး ...

သဘာဝတရားရဲ့
ဥပဒေသ တစ်ခုက
လူရှိရာ လူလာ
ငွေရှိရာ ငွေလာသတဲ့။
သမီးရလာတဲ့ ငွေကို
အကုန်သုံးပစ်လိုက်လို့
ပိုက်ဆံအိတ် ပြားချပ်သွားရင်
နောက်ထပ်ငွေ ဝင်လာဖို့ ကြန့်ကြာတတ်တယ်။
အနည်းဆုံး ၁၀ % လောက် ချန်ပြီး သုံးကြည့်
သမီးပိုက်ဆံအိတ်ကြီး ဖောင်းလာလိမ့်မယ်။
အိတ်ဖောင်းတော့ ကောင်းတာပေါ့နော်။

ဖေဖေ

သမီး ...

ဗဟုသုတနည်းပါးခြင်းဟာ
အသိဉာဏ်ခေါင်းပါးစေတယ်။
အသိဉာဏ် နုန့်နဲ့တဲ့သူဟာ
ပြဿနာတွေ ရင်ဆိုင်ရတဲ့အခါ
အောင်မြင်အောင် မဖြေရှင်းနိုင်ဘူး။
မှားမှာကြောက်ပြီး စိတ်ကယောက်ကယက်
ဖြစ်နေတတ်သေးတယ်။
ဒီတော့ ...
အသိဉာဏ် မခေါင်းပါးအောင်
ဗဟုသုတ မနည်းစေနဲ့။
ဗဟုသုတကြွယ်ဝအောင်
အချိန်ရတိုင်း စာများများဖတ်
အများနဲ့ ရောနှောနေထိုင်ရတဲ့အခါ
သူတို့ပြောတာတွေကို
အသေအချာ နားထောင်ပြီး
တွေးတောဆင်ခြင် စဉ်းစားပါလို့
ဖေဖေ အလေးအနက် မှာချင်တယ်။

ဖေဖေ

သမီး ...
Great works are performed
not by strength but by perseverance.
ကြီးကျယ်တဲ့အလုပ်တွေကို ခွန်အားနဲ့ လုပ်ခဲ့တာ မဟုတ်။
ဖွဲနဲ့ လုပ်ခဲ့ကြခြင်းသာ ဖြစ်တယ် ... လို့။
စင်မြူရယ်ဂျွန်ဆင် ဆိုတဲ့
ပညာရှိကြီးက ပြောခဲ့ဖူးတယ်။
ခွန်အားရှိပေမယ့် ဖွဲမရှိရင်
ဘယ်အလုပ်မှ ကြီးကြီးကျယ်ကျယ်
မအောင်မြင်နိုင်ဘူး ... သမီးရဲ့။
ကြီးကျယ်တဲ့ အလုပ်တိုင်းမှာ
အခက်အခဲ ပြဿနာတွေ ရှိနေတတ်တယ်။
ဖွဲရှိတဲ့ သူသာလျှင်
အဲ့ဒီအခက်အခဲ ပြဿနာတွေကို
ရင်ဆိုင်ဖြေရှင်း အောင်မြင်နိုင်တယ်။
ဘာပဲဖြစ်ဖြစ် မဖြစ်မနေ
မရ,ရအောင် လုပ်မယ်ဆိုတဲ့ ဖွဲမျိုး
သမီးလေးမှာ ရှိစေချင်တယ်ကွယ်။

ဖေဖေ

သမီး ...

ပျော်ပျော်နေတတ်တဲ့ လူတစ်ယောက်ကို
ကွန်ပျူတာ အလုပ်ခန်းတစ်ခုမှာ
ဖေဖေတွေ့ခဲ့ဖူးတယ်။
သူရောက်လာကတည်းက
တစ်ခန်းလုံး ရယ်မောနေကြရတယ်။
ရယ်စရာတွေ တစ်မျိုးပြီးတစ်မျိုး
ပြောနေတယ်။ မရပ်မနားဘဲ။
ပြောလည်း ပြောတတ်ပါပေတယ်။
ညှိသည်တစ်ယောက်မှာ ပါလာတဲ့
ဆယ်လူလာဖုန်းကို ကောက်ကိုင်ပြီး
တကယ့် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးလို
ဟန်ကျပန်ကျ ပြောဆိုပြနေလေတော့
အခန်းထဲမှာ ရှိနေကြတဲ့
လူ ၁၅ ယောက်လောက်ဟာ
အူတက်မတတ် ရယ်မောခဲ့ကြရတယ်။
အဲ့ဒီလို ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့
လူမျိုးဟာ အသက်ရှည်မယ်ထင်တယ်နော်။
သမီးလေးကိုလည်း
အဲ့ဒီလိုမျိုး
အမြဲတမ်း ပျော်ရွှင်နေတာ မြင်ချင်တယ်။

ဖေဖေ

သမီး ...

အောင်မြင်ပျော်ရွှင်တဲ့
လူတစ်ယောက်ဖြစ်ဖို့
ဒီအချက်တွေကို အလေးထားလိုက်နော်ပါ။

- ဘာပဲလုပ်လုပ်အောင်မြင်မယ်လို့
  ယုံကြည်စိတ် အပြည့်ထားပါ။
- ကိုယ့်ကိုယ်ကိုယ် အားကိုးပါ။
- သူတစ်ပါးအမှားကို သင်ခန်းစာယူပါ။
- ဘယ်သူ့ဆီကမှ အလကား မလိုချင်နဲ့။
- ကူညီပေးကမ်း လှူဒါန်းချင်စိတ် အမြဲရှိပါ။
- ရေရှည်အတွက် တွေးပြီး အလုပ်လုပ်ပါ။
- ကိုယ့်ရဲ့ အားနည်းချက် အားသာချက်ကို
  အမြဲတန်း ဆန်းစစ်ပါ။
- ကိုယ်ကျင့်သိက္ခာနဲ့ ပတ်သက်လာရင်
  ဘယ်တော့မှ အပေးအယူမလုပ်နဲ့။
- အချိန်ရဲ့ တန်ဖိုးကိုသိပြီး
  အချိန်မဖြုန်းမိပါစေနဲ့။
- ဘာပဲလုပ်လုပ် ဖွဲ့လုံ့လဝီရိယရှိပါစေ။
- မိတ်ဆွေကောင်းတွေကို တန်ဖိုးထားပါ။
- ချိုသာပျူငှာစွာ ဆက်ဆံတတ်ပါစေ။
- လောကကို အကောင်းမြင်စိတ်ရှိပါ။
- မိမိဘဝအတွက် ခွန်အားဖြစ်စေတဲ့
  စာအုပ်မျိုးစုံကို အချိန်ပေးဖတ်ပါ။

ဖေဖေ

သမီး ...

အစွမ်းအစရှိတဲ့ လူတစ်ယောက်ဟာ
သူ့ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့်
ကြွယ်ဝချမ်းသာလာတာကို
လူတွေက တမှတ်တရ
ဂုဏ်ပြုချီးကျူးကြမှာ မဟုတ်ပါဘူး။
သူပိုင်ဆိုင်ထားတာတွေကို
အများအကျိုးအတွက်
စွန့်လွှတ်ပေးကမ်းတဲ့ အခါကျမှ
ချီးကျူးဂုဏ်ပြုကြတာပါ။
ဒီသဘောတရားကို
သမီးလေး ကြိုသိစေချင်ပါတယ်။

ဖေဖေ

သမီး ...

အခွင့်အရေးဆိုတာ
ထိုင်တွေးပြီး ငေးနေတတ်သူအတွက်
မဟုတ်ပါဘူးကွယ်။
မရပ်မနား ကြိုးစားပြီး
အလုပ်,လုပ်နေတတ်သူအတွက်
ဘုရားပေးတဲ့ ဆုလာဘ်တစ်ခုဆိုတာ
သမီး ... အသေအချာ နားလည်ပါ။

ဖေဖေ

သမီး ...

ဘဝအောင်မြင်မှု
လှေကားကိုတွေ့လို
အားရဝမ်းသာ တက်တော့မယ်ဆိုရင်
မတက်ခင် သေချာစစ်ဆေးကြည့်စေချင်တယ်။
သူများလက်နဲ့ ကိုင်ထားပေးတဲ့
လှေကားမျိုးကို တက်ခဲ့မိရင်
စိတ်မထင်လို့ သူလွှတ်ချလိုက်မှဖြင့်
အကျနာနေပါဦးမယ် ... ကွယ်။
တွေ့တဲ့ လှေကားတိုင်း အရမ်းမတက်နဲ့နော်။

ဖေဖေ

သမီး ...

စိတ်ညစ် ညည်းညူ နေသူအတွက်ကတော့
မြင်မြင်သမျှ အရာဟာ
စိတ်ညစ်စရာကြီး ဖြစ်မှာပါ။
ပျော်ပျော်နေတတ်သူတွေ အဖို့တော့
နေရာတကာမှာ
ပျော်စရာချည်း ဖြစ်နေလိမ့်မယ်။
စိတ်ညစ်တာလည်း ဒီစိတ်ပဲ။
ပျော်ရွှင်တာလည်း ဒီစိတ်ပဲ။
အဲ့ဒီစိတ်ကလေးက
စိတ်ညစ်စရာနဲ့ ပျော်စရာကြားထဲမှာ
ချိန်ခွင်လျှာလို ဟိုသည်ပြေးနေတာ။
တော်ကြာ စိတ်ညစ်လိုက်
တော်ကြာ ပျော်လိုက်နဲ့
လုံးချာလိုက်နေတော့တာပါပဲ။
အဲ့ဒီစိတ်ကလေးကို
ပျော်စရာတွေဘက်မှာချည်း ရှိနေအောင်
သမီးကြိုးစားပြီး ထိန်းနော်။

ဖေဖေ

သမီး ...

ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေအကြောင်း
ဖတ်ရှုလေ့လာတဲ့အခါ
တူညီတဲ့အချက်တွေ သွားတွေ့တယ်။
သူတို့ဟာ ငယ်ရွယ်စဉ်က ဆင်းရဲကြတယ်။
သူလိုကိုယ်လိုပဲ သိပ်ဉာဏ်မကောင်းကြဘူး။
ပြင်းပြတဲ့ စိတ်ဆန္ဒတွေရှိကြတယ်။
သူတို့ ရွေးချယ်ထားတဲ့ အလုပ်ပေါ်မှာ
အာရုံနစ်မြှုပ်ပြီး လုပ်ကြတယ်။
မဖြစ်မနေ လုပ်ကိုင်တတ်တဲ့
ဖွဲလုံ့လ ဝီရိယအပြည့်ရှိတယ်။
ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်။
သမီးမှာ အဲ့ဒီလို အချက်တွေရှိနေရင်
ကမ္ဘာကျော်ပုဂ္ဂိုလ်ဖြစ်ဖို့
သိပ်မဝေးတော့ဘူးပေါ့နော်။
ခြေလက်အင်္ဂါစုံပြီး
ဦးနှောက်ပါတဲ့ ခေါင်းတစ်လုံးရှိရင်
လူဟာ ဘာမဆိုဖြစ်နိုင်ခွင့် ရှိတယ်ဆိုတာ
ယုံပါသမီးရယ်။ ယုံပါ ...။

ဖေဖေ

သမီး ...

အနားယူ အပန်းဖြေစာရေးဖို့
ရဲမွန်ဂေါ့ဖ်ကလပ်က ဘန်ဂလိုလေးတစ်လုံးထဲမှာ
ဖေဖေရောက်နေတယ်။
မြဝတီရုပ်မြင်သံကြား အစီအစဉ်မှာ
မြင်လိုက်ရကတည်းက
အဲ့ဒီနေရာလေးကို ဖေဖေသွားချင်နေတာ။
ရေကန်၊ တံတား၊ ငှက်ကလေးတွေနဲ့
စိမ်းစိမ်းစိုစို မြက်ခင်းတွေ
သစ်ပင်တွေ မြင်ရတာ
စိတ်ကိုကြည်နူး လန်းဆန်းသွားစေတယ်။
ကားသံ လူသံ ဆူဆူညံညံကြားထဲက
ကင်းလွတ်ခဲ့ရတော့
သိပ်ကို စိတ်ငြိမ်းချမ်းသွားတယ်ကွယ်။
နေ့တရှုပ လုပ်နေရတဲ့ အလုပ်တာဝန်ကို ပစ်ချထားခဲ့ပြီး
တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်
လာအနားယူရတာ အရသာရှိလိုက်တာ။
**တစ်ခါတစ်ရံ အနားယူအပန်းဖြေမှုဟာ**
**ဘဝမှာ မလွဲမသွေ လိုအပ်တယ်ဆိုတာ**
**သမီးလေးကို ကြိုပြီး သိစေချင်တယ်။**

**ဖေဖေ**

သမီး ...

စာရေးပြီးလို့ ညောင်းတာနဲ့
ဂေါ်ဖ်ကွင်းထဲကို သွားပြီး ဖေဖေလျှောက်ကြည့်မိတယ်။
တရုတ်လူမျိုးလေးဦး ဂေါ်ဖ်ကစားနေတာ မြင်ခဲ့တယ်။
ဟိုး ... ခပ်ဝေးဝေးက အလံထောင်ထားတဲ့
ကျင်းကလေးထဲကို ဂေါ်ဖ်သီးလုံးဝင်အောင် ရိုက်နိုင်ဖို့
တစ်ဆင့်ပြီးတစ်ဆင့် ရိုက်လာလိုက်ကြတာ
ကျင်းနားအယိရောက်ရော ဆိုပါတော့။
ဘာမှမဝေးတော့တဲ့ ကျင်းလေးထဲကို
လေးယောက်စလုံးဝင်အောင် မရိုက်နိုင်ဘဲ
လွဲချော်သွားခဲ့ကြတယ်။
ဟင် ... ဟာ ... ဖြစ်ကြလို့ပေါ့။
**ဘဝဆိုတာ ... အဲ့ဒီဂေါ်ဖ် ကစားသလိုပါပဲ။**
**ရည်မှန်းချက်ထားပြီး တစ်ဆင့်ပြီးတစ်ဆင့်**
**ကြိုးစားလာပြီးမှ အနီးကပ်ကျမှ**
**လွဲချော်သွားတာမျိုးလည်း ရှိတတ်တယ်။**
တချို့လည်း တစ်ခါတည်းအောင်မြင်တယ်။
တချို့လည်း အကြိမ်ကြိမ်ပြန်ကြိုးစားရတယ်။
ဒါပေမဲ့ ... ဇွဲရှိတဲ့သူကတော့
နောက်ဆုံးမှာ အောင်မြင်တာပဲ သမီးရယ်။
မဖြစ်မနေ လုပ်မယ်ဆိုတဲ့ ဇွဲမျိုး
အသေအချာရှိဖို့ပဲ လိုတယ်။

ဖေဖေ

သမီး ...

ဖေဖေတို့တစ်တွေဟာ
တစ်နေ့ပြီးတစ်နေ့ စားဝတ်နေရေးအတွက်
အလုပ်တွေကို မရပ်မနားလုပ်ကြရတယ်။
အလုပ်လုပ်ဖို့ အချိန်ပေးရတာပေါ့။
အဲဒီအချိန်ဟာ ဘဝပဲမဟုတ်လား။
ဒီတော့ အလုပ်အတွက် ဘဝတစ်ခုလုံး
ပုံပေးထားရတဲ့ သဘောပဲ။
ဘဝတစ်ခုလုံး ပုံပေးထားရတဲ့
အဲ့ဒီအလုပ်ရဲ့ ရလဒ်ဟာ
'ငွေ' တစ်ခုတည်းပဲရမယ် ဆိုရင်တော့
မတန်သေးဘူး ... သမီးရေ။
အဲ့ဒီအလုပ် လုပ်နေရင်းမှာပဲ
စိတ်ကျေနပ် ပျော်ရွှင်လန်းဆန်းတက်ကြွပြီး
မျှော်လင့်ချက် မနက်ဖြန်
ရှင်သန်နေမှ အဲဒီအလုပ်မျိုးကို
လုပ်ရကျိုးနပ်လိမ့်မယ်။
ငွေနဲ့ စိတ်ပျော်ရွှင်မှုရရှိပြီး
မျှော်လင့်ချက် ရှင်သန်စေတဲ့
အလုပ်မျိုးကိုပဲ ရွေးလုပ်နော် ... သမီး။

ဖေဖေ

သမီး ...

**Poverty and wealth are comparative sins.**

ဆင်းရဲခြင်းနဲ့ ချမ်းသာခြင်းဆိုတာ
အတူတွဲနေတဲ့ မကောင်းဆိုးဝါးတွေပဲတဲ့။
ဆင်းရဲတာလည်း မကောင်းဘူး။
ဆင်းရဲတော့ အလိုမကျ
စိတ်တိုဒေါပွ စိတ်ဓာတ်ကျပြီး
မကျေမနပ်တွေ ဖြစ်နေတတ်သတဲ့။
ချမ်းသာပြန်တော့လည်း မကောင်းဘူး။
ဥစ္စာပစ္စည်း လျော့ပါးပျောက်ဆုံးမှာ
တွေးကြောက်ပြီး အိပ်မပျော်နိုင် ဖြစ်ရတယ်။
ပို,ပိုပြီးချမ်းသာချင်တဲ့ လောဘနဲ့
ငွေရဖို့ မရပ်မနားလုပ်နေကြရတယ်။
ဒီတော့ ...
သိပ်လည်း မဆင်းရဲစေနဲ့။
သိပ်လည်း မချမ်းသာချင်နဲ့ဦး။

ဖေဖေ

သမီး ...

ဆရာဦးသိန်းလွင်ရဲ့
သိရန် မှတ်ရန် လေ့လာရန်ဆိုတဲ့
စာအုပ်ကို ဖတ်မိလိုက်တော့
ဖေဖေဟာ လောကကြီးနဲ့ပတ်သက်လို့
ဘာမှ မသိသေးပါလားလို့
တရားကျခဲ့မိတယ်ကွယ်။
ဖေဖေ မသိသေးတာတွေ
သမီးသိလိုသိငြား ရေးပြလိုက်ပါတယ်။

- သန်းခေါင်ယံမှာ နေသာတဲ့အရပ် ဘယ်မှာ ရှိသလဲ။
- ငှက်တွေဟာ နောက်ပြန်ပျံနိုင်သလား။
- ရေအောက်မှာ ဘယ်ငှက်ပျံနိုင်သလဲ။
- လကမ္ဘာပေါ်မှာ ဘယ်သူဂေါက်သီး ရိုက်ခဲ့သလဲ။
- လေ့ပျံဆိုတာ ဘာလဲ။
- လေသဘော်ဆိုတာ ဘာလဲ။
- ဘော(လ်)ပင်ကို ဘယ်သူတီထွင်ခဲ့သလဲ။
- စက္ကူကို ဘယ်သူပထမဆုံး ပြုလုပ်ခဲ့သလဲ။
- ကြည့်မှန်ကို ဘယ်သူတီထွင်ခဲ့တာလဲ။
- ပင်လယ်သေဆိုတာ ဘာလဲ။
- ဘာကြောင်း မိုးခြိမ်းသလဲ ... တဲ့။

ဖေဖေ

သမီး ...

လောကကြီးထဲမှာ
အရှိသေခံချင်တဲ့ သူတွေ
နေရာတကာ ဆရာအခေါ်ခံချင်သူတွေ
တွေ့တဲ့လူတိုင်းကို
တပည့်လိုထင်ပြီး ဆုံးမချင်တဲ့သူတွေ
ကိုယ်တော်ကြောင်း တတ်ကြောင်းပြောချင်သူတွေ
အမြဲတမ်း အချီးမွမ်းခံချင်သူတွေ
နေရာတိုင်းမှာ အရေးပါချင်သူတွေ
သူများလုပ်ရင် မကောင်းပြော်တတ်သူတွေ
အပြောတစ်မျိုး အလုပ်တစ်မျိုး လုပ်တတ်သူတွေ
ကိုယ်မှန်တယ်ထင်ပြီး သူတစ်ဖက်သားကို
အထင်သေးနှိမ့်ချပြောတတ်သူတွေ
သူများကောင်းစားရင် မနာလိုတဲ့သူတွေ
ကိုယ့်အကျိုးကိုပဲ ကြည့်တတ်တဲ့သူတွေ
အိုး ... များမှများပဲ သမီးရေ။
အဲ့ဒီလို လူအမျိုးအစားတွေထဲမှာ
ကိုယ် ပါမသွားအောင်
သတိနဲ့ဆင်ခြင်ပြီး
နေထိုင်တတ်ဖို့ လိုတယ်နော်။

ဖေဖေ

သမီး ...

ဝမ်းစာအတွက် မလွဲမသွေ
အလုပ် လုပ်ရမယ့် အတူတူတော့
ပျော်ရွှင်စွာ အလုပ်လုပ်ပြီး
အောင်မြင်အောင် ကြိုးစားပါ။
ညည်းညည်းညူညူ အလုပ်လုပ်ပြီး
အသုံးမကျဘူး အပြောခံရအောင်တော့
မညံ့ဖျင်းစေနဲ့နော်။
သမီးလေးကို
အလုပ်လုပ်တဲ့နေရာမှာ
သေချာစေ့စပ်ပြီး သိပ်တော်တဲ့သူလို့
လူတကာ ပါးစပ်ဖျားမှာ
ရေပန်းစားစေချင်တယ်ကွယ်။

ဖေဖေ

သမီး ...

ဘာကိစ္စပဲဖြစ်ဖြစ်
အလွယ်တကူ မျက်ရည်ကျတတ်ရင်
အောက်ကစာကြောင်းလေးကို ဖတ်ပြီး
သတိပြုဆင်ခြင်သင့်တယ်။
မျက်ရည်သည်
စိတ်ပျော့ညံ့သူတို့၏
သင်္ကေတတစ်ရပ် ဖြစ်သည်။

ဖေဖေ

သမီး ...

ဖေဖေ့ဆီကို ဝေဖန်စာတစ်စောင် ရောက်တယ်။
ဖေဖေရေးတဲ့ စာတွေဟာ
တစ်အုပ်နဲ့တစ်အုပ် အကြောင်းအရာ ထပ်နေသတဲ့။
ဒီစာအုပ်ထဲမှာ ပါပြီးသားတွေ
ဟိုစာအုပ်ထဲမှာလည်း ထပ်ပါသတဲ့။
အကြောင်းအရာ ထပ်နေတာကို
သူက စေတနာနဲ့ ဝေဖန်တာပါ။
ဖေဖေလည်း အကြောင်းအရာထပ်မှန်းသိပေမယ့်
အရေးအသားပြောင်းပြီး တမင်ထည့်လိုက်တာပါ။
**တချို့ကိစ္စတွေက တစ်ကြိမ်ပြောရုံနဲ့**
**မလုံလောက်ဘူး သမီးရဲ့။**
**ထပ်တလဲလဲ ပြောမှ တော်ရုံကျတာ။**
ဥပမာ ... မိန်းကလေးတစ်ယောက်အနေနဲ့
မလုပ်သင့် မလုပ်အပ်တဲ့ ကိစ္စမျိုး။
လောဘ ဒေါသ မာနနဲ့ပတ်သက်တဲ့ကိစ္စမျိုး
သေခြင်းတရားကို ရင်ဆိုင်တဲ့ကိစ္စမျိုး။
ဒါမျိုးတွေကို အရေးအသားပုံစံပြောင်းပြီး
ထပ်တလဲလဲ ပြောတာတောင်မှ မှတ်မိသိရှိပါ့မလား မသိ။
ဖတ်တဲ့သူက နှစ်ထပ်ရှိမှ မှတ်မိတယ်လို့ သဘောထားပြီး
ဖတ်ကြရင် ... ကောင်းမှာပဲနော်။

ဖေဖေ

သမီး ...

ဖေဖေငယ်ငယ်တုန်းက ဘုရားပွဲတစ်ခုမှာ
လက်နှစ်ဖက်ပြတ်နေတဲ့ သူက
သူရဲ့ ခြေထောက်နှစ်ချောင်းနဲ့
လောက်လေးခွ ပစ်ပြတာ
မှန်ကြည့်ပြီး ခေါင်းဖြီးတာ
မီးပူတိုက်၊ စာရေးပြတာတွေကို
ရုံသွင်းပြလို့ ကြည့်မြင်ခဲ့ရဖူးတယ်။
လက်နှစ်ဖက်ပြတ်တဲ့ သူတွေတောင်
ဘဝကို အရှုံးမပေးဘဲ
ဝင်ငွေရအောင် ရှာနိုင်ခဲ့သေးရင်
သန်သန်မာမာနဲ့ ခြေလက်အင်္ဂါ
စုံစုံလင်လင်ရှိတဲ့ သူတွေက
ဘဝကို စိတ်ပျက်ညည်းညူပြီး
ဘာလို့ ငိုညည်းနေရမှာလဲ။
ဘဝအားမာန်နဲ့ ရှင်သန်ရုန်းကန်ပြီး
လောကဓံကို ရင်ဆိုင်ရဲကြစေချင်တယ်။

ဖေဖေ

သမီး ...

သတ္တဝါတွေရဲ့ အသက်ကို
မသေစေလိုတဲ့ စိတ်စေတနာနဲ့
သက်သတ်လွတ်စားတာကို
ဖေဖေသဘောတူပါတယ်။
ဘာမှန်း ညာမှန်းမသိဘဲ
ထီပေါက်ချင်လို့၊ စာမေးပွဲအောင်ချင်လို့
သက်သတ်လွတ် စားတာမျိုး
ဖေဖေ ဘဝင်မကျဘူး။
အတိတ်ကံ ဒါနကုသိုလ်
အကျိုးပေးချိန် မရောက်သေးရင်
ဘယ်လောက်ပဲ ထီထိုးထိုး
မပေါက်ပါဘူး သမီးရယ်။
စာကိုပိုင်အောင် မကျက်ဘဲနဲ့
စာမေးပွဲ မအောင်နိုင်ပါဘူး။
ကိုယ့်ကိုယ်ကျိုးအတွက်
သက်သတ်လွတ် စားတာမျိုးမဟုတ်ဘဲ
သတ္တဝါတွေ မသေစေလိုတဲ့ စေတနာနဲ့
သက်သတ်လွတ် စားတာမျိုးကိုပဲ
ဖေဖေ လိုလားပါတယ်။

ဖေဖေ

သမီးရယ် ...

သူငယ်ချင်းကောင်း မိတ်ဆွေစစ်ဆိုတာ
ဝမ်းသာအတူ ဝမ်းနည်းအတူ
ကိုယ့်ဘေးမှာ မားမားရပ်ပြီး
အခက်အခဲ အကျပ်အတည်းတွေကို
ကူညီဖြေရှင်းပေးတဲ့သူကို ခေါ်တာ။
သူတို့ဟာ ဘယ်တော့မှ
ကိုယ့်ကို ဒုက္ခမပေးဘူး။
အကူအညီပေးနိုင်ဖို့
အခွင့်အရေးမျိုးကိုသာ
လိုလားစောင့်ဆိုင်းနေတာပါ။
အဲ့ဒီလို မိတ်ဆွေသူငယ်ချင်းမျိုးကို
တန်ဖိုးထားပြီး
ရွေးချယ် ပေါင်းသင်းတတ်ပါစေလို့
ဖေဖေ မျှော်လင့်ယုံကြည်နေပါ့မယ်။

ဖေဖေ

သမီး ...

အတွေးအခေါ်ပညာရှင် ရှုးဆိုးကပြောတယ်။
**Nature is the best teachers.**
သဘာဝတရားဟာ အကောင်းဆုံးဆရာတွေပါပဲ ... တဲ့။
မိုးတွင်း မိုးရွာတယ်။
အပြစ် မတင်နဲ့ ဒါသဘာဝ။
ကျေးဖူးရှိမှ ကျေးစွပ်တယ်။
ဝမ်းနည်းမနေနဲ့ ဒါသဘာဝ။
ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား
ကွေကွင်းနောက်ဆုံးရှိသတဲ့
ကြေကွဲမနေနဲ့ ဒါသဘာဝ။
သဘာဝတရားရဲ့ သင်ကြားမှုတွေကို
ဂရုစိုက်နာယူတတ်မယ်ဆိုရင်
သမီးလည်း အတွေးအခေါ်ရှင်
ပညာရှိတစ်ဦး ဖြစ်မှာ သေချာတယ်။

ဖေဖေ

သမီး ...

ပန်းတော့ပန်းပဲ၊ ဒါပေမဲ့
ခေါင်ရန်းပန်းဖြစ်နေရင်
ဘယ်သူ နမ်းချင် ပန်ချင်မှာလဲကွယ်။
လူတော့ လူပဲ၊ ဒါပေမဲ့
ခေါင်ရန်းပန်းလို လူမျိုးဖြစ်နေရင်
ဘယ်သူချစ်ခင် နှစ်သက်မှာလဲလေ။
ပန်းဖြစ်မှတော့ ...
သဇင်နှင်းဆီ သစ်ခွစံပယ်လို
အများက တန်ဖိုးထားပန်ဆင်တဲ့
ပန်းအလှတွေပဲ ဖြစ်စေချင်တယ်။
လူဖြစ်မှတော့ ...
အများက ချစ်ခင်နှစ်သက်တဲ့
လူ့အဖိုးတန်တွေပဲ ဖြစ်စေချင်တယ်။
သမီးလေးကို ဖေဖေ
ဘာဖြစ်စေချင်တယ်ဆိုတာ
မပြောဘဲနဲ့ သိမှာပါနော်။

ဖေဖေ

သမီး ...

မိန်းကလေးတွေဟာ အလှပြင်ဆိုင်သွားပြီး
မျက်နှာလေးလှအောင် မျိုးစုံလုပ်ကြတယ်။
အမျိုးစုံတော့ ငွေကုန်တာပေါ့ကွယ်။
ငွေမကုန်စေဘဲ မျက်နှာအလှ တိုးစေတဲ့
နည်းလေးမလိုချင်ဘူးလား။
ဟော ... စိတ်ဝင်စားသွားပြီ။
လိုချင်နေပြီ မဟုတ်လား။
ကဲ ... သမီး ... မှန်ရှေ့သွားရပ်လိုက်။
သမီးမျက်နှာကို သေချာကြည့်ထား။
အခု မျက်နှာအလှ တိုးစေတဲ့နည်းကို
ဖေဖေ ပြောတော့မယ် ... နားထောင်။
ပြုံးလိုက်ပါ ... ထပ်ပြီး ပြုံးလိုက်ပါ။
ဘယ်လိုလဲ ... သမီး
အလှမင်းသမီးလေး ဖြစ်သွားပြီမဟုတ်လား။
အခုလို အမြဲတမ်းလှပနေအောင်
အမြဲတမ်း ပြုံးပြုံးလေးနေနော်။

ဖေဖေ

သမီးရေ ...

ပိုလီယိုရောဂါရပြီး
လမ်းကောင်းကောင်း မလျှောက်နိုင်တဲ့
အမေရိကန်နိုင်ငံသူ ဝိုင်မာရုဒေါ့ဖ်ဟာ
အသက် ၁၅ နှစ်မှာ တက္ကသိုလ်ရောက်တော့
ကမ္ဘာပေါ်မှာ အပြေးမြန်ဆုံး
အမျိုးသမီး ဖြစ်ရမယ်ဆိုပြီး
အပြင်းအထန် လေ့ကျင့်ခဲ့တယ်။
စိတ်ဆန္ဒပြင်းပြပြီး ဖွဲ့ရှိမှုကြောင့်
၁၉၆၀ ခုနှစ်၊ ကမ္ဘာ့အိုလံပစ် အားကစားပွဲမှာ
မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ ပြိုင်ပွဲတွေအတွက်
ပထမဆု ရွှေတံဆိပ်တွေရပြီး
ကမ္ဘာ့အပြေးမြန်ဆုံး အမျိုးသမီးတစ်ဦး
ဖြစ်ခဲ့ဖူးပါတယ်။
သမီးကော ... ဝိုင်မာရုဒေါ့ဖ်ကို အားကျပြီး
တစ်ခုခုမှာ ထူးချွန်အောင် မလုပ်ချင်ဘူးလား။
ပြင်းပြတဲ့ **စိတ်ဆန္ဒနဲ့** ဖွဲ့ရှိရင်
ဘာမဆို ဖြစ်နိုင်ပါတယ် သမီးရဲ့။

ဖေဖေ

သမီး ...

ဖေဖေနံ့နက်စာ စားနေတဲ့ဆိုင်ရှေ့မှာ
မြက်ပေါက်နေကြရတဲ့ လူတစ်စုကို တွေ့တယ်။
သူတို့ဟာ ကာယလုပ်အားနဲ့ သူတို့ရဲ့ဝမ်းစာကို
ခနေပူမိုးရွာမရှောင် လုပ်ကိုင်နေကြရတယ်။
သမီးတို့ မိန်းကလေးတွေလည်း
ပညာကို အသုံးချနိုင်လောက်အောင် မတတ်ရင်
စက်ရုံအလုပ်ရုံတွေမှာ ကာယလုပ်အားနဲ့
ဝမ်းစာရှာဖွေ စားရလိမ့်မယ်။
၁၀ တန်းမှ မအောင်ရင်တော့
၄ တန်း၊ ၈ တန်းအောင်တွေနဲ့ အတူတူ
ကာယကို အရင်းပြုပြီး အလုပ်လုပ်ရလိမ့်မယ်။
ထို့အတူပဲ ... ဘွဲ့ရပြီး ဘာမှ မတတ်ရင်
၁၀ တန်းအောင်တွေနဲ့ အတူအလုပ်လုပ်ရလိမ့်မယ်။
ပညာကို ဆုံးခန်းတိုင်အောင် ဖွဲ့ရှိရှိနဲ့သင်။
သင်တဲ့ပညာကိုလည်း သုံးစားလို့ရအောင်ကြိုးစား။
ဒါမှ လစာကောင်းတဲ့ အဆင့်မြင့်တာဝန်တွေကို
ထမ်းဆောင်ခွင့်ရမှာပေါ့။
ပညာသင်နေဆဲမှာ စိတ်ပျက်အရှုံးပေးပြီး
အလုပ်ထွက်လုပ်လိုက်မယ်ဆိုရင်
တောမရောက် တောင်မရောက်နဲ့
မြက်ပေါက်နေရလိမ့်မယ် သမီး။

ဖေဖေ

သမီး ...

ဂျပန်နိုင်ငံ ဖူကုအိုကား အာရှယဉ်ကျေးမှုဆု ချီးမြှင့်ရေး ကော်မတီက ၂၀၀၀ ပြည့်နှစ်မှာ အာရှယဉ်ကျေးမှုဆု ပညာရေးကဏ္ဍဆုရှင်အဖြစ် **ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဒေါက်တာသန်းထွန်း** ကို ရွေးချယ်ဆုပေးခဲ့တယ်။

ပေးရတဲ့အကြောင်းရင်းက ဆရာကြီးပြုစုခဲ့တဲ့ ကျမ်းစာအုပ်တွေပေါ် မူတည်ပြီး ရွေးခဲ့သတဲ့။ သန်းထွန်းကျမ်းလို့ ထင်ရှားတဲ့ မြန်မာမင်း အမိန့်တော်ပေါင်းချုပ် ကျမ်းဟာ စာမျက်နှာ ၇၆၀၀ ကျော်ပဲ့ရှိပြီး အင်္ဂလိပ်ဘာသာပြန် အကျဉ်းချုပ်၊ ရှင်းလင်းချက်နဲ့ အညွှန်းများပါဝင်တဲ့ ကျမ်းကြီးကျမ်းခိုင် ဖြစ်သတဲ့။

အဲ့ဒီ ကျမ်းကို ၈ နှစ် အချိန်ယူပြုစုခဲ့ရသတဲ့။ မြန်မာမှုကို လေ့လာချင်ရင် ဆရာကြီးရဲ့ ကျမ်းတွေကို မသိမဖြစ် မဖတ်မဖြစ် ဖတ်ရလိမ့်မယ်တဲ့။

**ဖေဖေအားကျလိုက်တာ သမီးရယ်။ ဒီလိုထူးချွန်ပြောင်မြောက်တဲ့ ပညာရှင်မျိုး ဖေဖေတို့နိုင်ငံမှာရှိနေတဲ့အတွက် မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ဂုဏ်ယူတယ်။**

ဒေါက်တာသန်းထွန်းလို ပုဂ္ဂိုလ်မျိုးတွေ နောက်ထပ်အများကြီးပေါ်လာလိမ့်ဦးမယ်လို့ ဖေဖေ ယုံကြည်မျှော်လင့်နေပါတယ်။

ဖေဖေ

သမီး ...

ငှက်တော့ ငှက်ပဲ
ကောင်းကင်မပျံနိုင်ဘဲ ရေထဲမှာ ပျံသန်းနိုင်သတဲ့။
မြင်းတော့ မြင်းပဲ
ကုန်းပေါ်မှာ မပြေးဘဲ ရေထဲမှာ မတ်တတ်ပြေးသတဲ့။
မြွေတော့ မြွေပဲ
မြေပေါ်မှာ မနေဘဲ ရေထဲမှာ နေသတဲ့။
အဲ့ဒီ ထူးဆန်းတဲ့ သတ္တဝါတွေက
ပင်ဂွင်းငှက်၊ ရေမြင်းနဲ့ ဂျပ်မြွေ ... တဲ့။
သဘာဝလောကထဲမှာ
အဲ့ဒီလို ထူးဆန်းတဲ့အရာတွေ အများကြီးရှိနေတယ်။
မြန်မာ့ရုပ်မြင်သံကြားက ပြနေတဲ့
**(discovery)ဆိုတဲ့အစီအစဉ်ကို**
စောင့်ကြည့်ရင် ဒီထက်တောင် ပိုသိဦးမယ်။
သဘာဝလောကကြီးအကြောင်းကို
သမီးလေးကို သိစေချင်တယ်။
သဘာဝလောကကြီးအကြောင်းကို သိထားရင်
လူ့လောကအကြောင်းကို ကောင်းကောင်းကြီး
နားလည်နိုင်တာပေါ့ကွယ်။

ဖေဖေ

သမီးရေ ...

နံနက်စာစားပြီးကတည်းက
ဖေဖေ စာထိုင်ရေးနေတာ ၁၂ နာရီထိုးခါနီး အထိပဲ။
ပြန်ကြည့်လိုက်တော့ စာ ၃ မျက်နှာပဲ ပြီးတယ်။
တစ်မျက်နှာမှာ ၁၀ ကြောင်းသာသာလောက်ရှိတဲ့
စာပိုဒ်တွေကို ရေးတာ တစ်ပုဒ်ကို
တစ်နာရီကျော်အောင် ကြာရသလားလို့ မေးမလို့လား။
အဲ့ဒီလောက်ကိုကြာတယ် သမီးရေ ...
တစ်ခါတစ်ရံမှာ တစ်ညလုံးတောင်ကြာတယ်။
စာတစ်မျက်နှာကို တစ်မိနစ်လောက်သာ ဖတ်ရပေမယ့်
အားထုတ်ကြိုးပမ်းရသူ အဖို့ကတော့
နာရီနဲ့ချီပြီး စဉ်းစားတွေးတောရေးသားရပါတယ်။
စာဖတ်သူကို ပေးမယ့်အတွေး၊ တင်ပြမဲ့ ပုံသဏ္ဍာန်
ဖတ်လိုက်ရင် ပြေပြစ်ချောမောစေမယ့်
အရေးအသားတွေကို စဉ်းစားရတယ်ကွယ်။
ပြီးတော့ စာမျက်နှာတိုင်းမှာ စေတနာတွေကို
လျှို့ဝှက်စွာ ထည့်သွင်းပေးနေရသေးတော့
အချိန်တွေ အများကြီးယူနေရတာပေါ့။
စာအုပ်သေးသေး စာမျက်နှာနည်းနည်းလေးဆိုပြီး
အထင်မသေးနဲ့ သမီးရေ ... အဲ့ဒီထဲမှာ
မိုးလောက်ကြီးကျယ်တဲ့ အတွေးတွေပါတယ်။
မတွေ့တွေ့အောင် ရှာဖတ်နော်။

ဖေဖေ

သမီးရယ် ...

အင်္ကျီအဖြူ ဝတ်ပြီဆိုမှတော့
စွန်းထင်းမှာတွေ ကြောက်မနေပါနဲ့တော့။
စွန်းထင်းသွားခဲ့ရင်လည်း တီဗီထဲက
ထက်ထက်မိုးဦး ကြော်ငြာတဲ့
ဆပ်ပြာတွေဝယ်ပြီး အစွန်းချွတ်လိုက်ပေါ့။
ဘာခက်တာ မှတ်လို့၊ မကောင်းဘူးလား။
အဲ့ဒီလို ပေါ့ပေါ့ပါးပါးတွေးပြီး
နေလိုက်စမ်းပါ သမီးရယ်။
နေရာတကာမှာ အလေးအနက်ထား
စဉ်းစား တွေးတောလှုပ်ရှားနေရင်
ဘယ်မှာလာ ပျော်ရွှင်နိုင်တော့မှာလဲ။
တချို့နေရာတွေမှာ ပေါ့ပေါ့ပါးပါး
စဉ်းစားတွေးတောနေတတ်ရတယ် သမီးရဲ့
နေရာတိုင်းတော့ မဟုတ်ဘူးနော်။

ဖေဖေ

သမီး ...

စင်ကာပူက ဖေဖေ့မွေးစားသမီး မချို
စင်ကာပူ အမျိုးသားတက္ကသိုလ်က
မဟာဝိဇ္ဇာဘွဲ့ ရသွားပြီတဲ့။ ပြီးတော့ ...
ထိုက်တန်တဲ့ အလုပ်လည်းရပြီတဲ့။
သူ့စာဖတ်ရတော့ ဖေဖေဝမ်းသာလိုက်တာ။
ဂုဏ်လည်းယူတယ် သမီးရယ်။
မြန်မာအမျိုးသမီး တစ်ယောက်ဟာ
သူများနိုင်ငံက တက္ကသိုလ်မှာ
မဟာဝိဇ္ဇာဘွဲ့ ယူနိုင်တယ်ဆိုတာ
နည်းတဲ့ အရည်အချင်းမှ မဟုတ်တာ။
ကျန်တဲ့ ဖေဖေ့သမီးတွေကိုလည်း
သူ့ကို အတုယူပြီး ကြိုးစားကြစေချင်တယ်။
ဘဝကို ရုန်းကန်ရှင်သန်ပြီး
လောကဓံနဲ့အပြိုင်ကြဲ အောင်ပွဲခံနိုင်တဲ့
သမီးကောင်း သမီးမြတ်တွေရဲ့ ဖခင်အဖြစ်
ဖေဖေဂုဏ်ယူ ဝမ်းသာချင်တယ် သမီးရယ်။
သမီးလေးလည်း သမီးအစ်မ မချိုလို
ထူးချွန်အောင် ကြိုးစားရမယ်နော်။

ဖေဖေ

သမီး ...

How BIG are you? တဲ့။
ဆရာတော်ဦးဇောတိကရဲ့ စာအုပ်တစ်အုပ်ထဲက
မေးခွန်းလေးကို ကြိုက်လွန်းလို့
ကိုယ့်ဘာသာကိုယ် ပြန်မေးနေမိတယ်။
အသေးအဖွဲကိစ္စလေးတွေနဲ့ အချိန်ကုန်နေသလား။
အတင်းအဖျင်းတွေ ပြောနေသေးသလား။
မနာလိုဝန်တို စိတ်တွေနဲ့ ပြောဆိုပြုမူနေသလား။
သောက်စားမူးယစ် လွင့်မြောနေသလား။
လောဘတက်ပြီး ငွေကိုပဲရှာကြံနေသလား။
မာန်တက်ပြီး ဒေါသနဲ့ ဆူပူကြိမ်းမောင်းနေသလား။
အဲ့ဒီလိုမျိုး ပြုမူပြောဆိုနေထိုင်နေရင်တော့
အသိဉာဏ်ဟာ ကြီးကျယ်မြင့်မြတ်လာမှာ မဟုတ်ဘူး။
**အသိဉာဏ် တိုးတက်မြင့်မားလာပြီး ကြီးမားတဲ့ လုပ်ငန်းကြီးတွေကို အောင်မြင်အောင် အကောင် အထည်ဖော်နိုင်မှ BIG person ဖြစ်မယ်လို့ထင်တယ်။**
ဥပမာ ... လူတွေရဲ့ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်အောင်
စာပေကျမ်းဂန် ပြုစုရေးသားနေတဲ့ အလုပ်မျိုး။
ကမ္ဘာ့ကပ်ဆိုးရောဂါမျိုးတွေကို ကာကွယ်တိုက်ဖျက်တဲ့
လုပ်ငန်းမျိုးစတဲ့ ကြီးကျယ်မြင့်မြတ်တဲ့ အလုပ်မျိုးတွေ
စဉ်းစားကြံစည် တီထွင်လုပ်ကိုင်တာမျိုး ဖြစ်မယ်။
သမီးလည်း ... ကူစဉ်းစားပေးပါဦး။

ဖေဖေ

သမီး ...

ဝမ်းသာစရာ တစ်ခုပြောရဦးမယ်။
ဖေဖေ့ဆီကို ဂျပန်က ဖုန်းလာတယ်။
ဖုန်းဆက်သူက မြန်မာအမျိုးသမီးတစ်ဦးပဲ။
အရင်တုန်းက တက္ကသိုလ်မှာ ဆရာမလုပ်ခဲ့ဖူးသတဲ့။
ဖေဖေနဲ့ သဲအောင်ရေးတဲ့ သားဖေဖေ စာအုပ်ကို
ဂျပန်လို ပြန်ရေးမလို့ ခွင့်တောင်းတာပါတဲ့။
သားဖေဖေစာအုပ်ဖတ်ပြီး
ဖခင်တစ်ဦးရဲ့ မေတ္တာကို ခံစားရပါသတဲ့။
ဂျပန်မှာလည်း အဖေနဲ့သား ပြဿနာရှိနေသတဲ့။
သူ့ရဲ့တပည့် ဂျပန်မလေးတွေကို
ဘာသာပြန်ပြီး ပြောပြတော့ ကြိုက်ကြသတဲ့။
ဖေဖေဝမ်းသာ ပီတိဖြစ်မိတယ်။
ဘာသာပြန်ဖို့ လေးလေးစားစား ခွင့်တောင်းတဲ့
ဆရာမကိုလည်း ကျေးဇူးတင်နေမိတယ်။
အဲ့ဒီစာအုပ်လေး ဂျပန်ဘာသာနဲ့ ထုတ်ဝေပြီးရင်
ဂျပန်သားအဖတွေ နားလည်မှုရကြပါစေလို့
ဖေဖေဆုတောင်းမေတ္တာ ပို့ပေးနေပါတယ်။
ဖေဖေကိုယ်တိုင်လည်း အဲ့ဒီလိုစာအုပ်လေးကို
မြင်တွေ့ခွင့် ရပါစေလို့ ဆုတောင်းနေမိတယ်။

ဖေဖေ

သမီးလေးဖတ်ဖို့ ၇၁

သမီးရေ ...

သိန်း ၃၀၀ ထိပေါက်ရင်တော့
ကောင်းသန့် စာကြည့်တိုက်ဆိုပြီး
ရန်ကုန်မြို့လယ်ကောင်မှာ တည်ထောင်လိုက်မယ်။
အခန်းဝယ်ဖို့က သိန်း ၁၀၀
စာအုပ်အစုံဝယ်ဖို့က သိန်း ၅၀
ဝန်ထမ်းလစာနဲ့ အခြားစရိတ်အတွက် သိန်း ၅၀
ကျန်တဲ့ သိန်း ၅၀ ကိုတော့ အခြားကိစ္စတွေမှာ သုံးမယ်။
စာအုပ်ဈေးတွေ မြင့်လာလို့
စာအုပ်ဝယ် မဖတ်နိုင်တဲ့သူတွေအတွက်
ကောင်းသန့်စာကြည့်တိုက်ဟာ သူတို့အတွက်
အားထားစရာ နေရာဖြစ်ပါစေ။
လူတွေ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်စေဖို့
တတ်စွမ်းသမျှ နည်းလမ်းတွေနဲ့
ဖေဖေ လုပ်ပေးသွားချင်တယ်။
စာရေးဆရာတစ်ယောက်အနေနဲ့ ထီမပေါက်လို့
ဖေဖေလုပ်မပေးနိုင်ခဲ့ရင်တောင်
ဖေဖေ့မျိုးဆက်တွေထဲက လုပ်နိုင်ခဲ့သူ
ရှိခဲ့မယ်ဆိုရင် လုပ်ပေးနိုင်အောင်လို့
ဖေဖေ့ရဲ့ ဆန္ဒနဲ့ စေတနာကို စာရွက်ပေါ်မှာ
ရေးချပြခဲ့တာပါပဲကွယ်။

ဖေဖေ

သမီး ...

**Beauty is in the eye of the beholder.**
အလှအပဆိုတာ ကြည့်တတ်သူရဲ့
မျက်လုံးထဲမှာ ရှိနေတာပါတဲ့။
ပညာရှိတစ်ဦးရဲ့ စကားမှတ်သားထားမိတယ်။
ဘယ်လောက်ပဲလှလှ မကြည့်တတ်ရင်
အလှကို မမြင်နိုင်သလို
ကြည့်တတ်တော့လည်း မပြုပြင်ထားပေမယ့်
လှတာလေးတွေ မြင်တွေ့ရတတ်တယ်။
အထူးသဖြင့်
စေတနာကောင်းတဲ့
စိတ်အလှလေးတွေကိုပေါ့လေ။

ဖေဖေ

သမီး ...

ငယ်ငယ်တုန်းက စာအုပ်တွေဝယ်ပြီး
စုဆောင်းသိမ်းဆည်းတာ ဝါသနာပါခဲ့တယ်။
သူများကို ငှားလိုက်ရင် ပျောက်မှာစိုးလို့
ဘယ်သူ့မှ မငှားဘဲ သိမ်းဆည်းထားမိတယ်။
တက္ကသိုလ် တက်နေစဉ်မှာ မုန့်ဝယ်မစားဘဲ
စာအုပ်တွေပဲ ဝယ်ဖတ်ခဲ့တယ်။
ကျောင်းပြီးလို့ အလုပ်ရ၊ နယ်သွားရတဲ့အခါ
စာအုပ်တွေကို အမေ့အိမ်မှာ သိမ်းထားခဲ့တယ်။
မမျှော်လင့်ဘဲ ခြတွေကိုက်လို့
ဖေဖေ့စာအုပ်တွေ ကုန်ပါရောလား။
ဘယ်သူ့မှ မဖတ်ရဘဲ စာအုပ်တွေ
ပျက်စီးသွားတာမြင်တော့ နောင်တရမိတယ်။
သူများကို ပေးငှားပေးဖတ်ခဲ့ရင် ပညာဒါနလည်း ဖြစ်
စာအုပ်လည်း အခုလို ခြကိုက်ခံရမှာ မဟုတ်ဘူးပေါ့။
သမီးလေးလည်း ဖေဖေ့အမှားမျိုးကြောင့်
နောင်တ မရစေနဲ့နော်။
သမီးမှာရှိတဲ့ စာအုပ်တွေကို ဘယ်သူကိုပဲဖြစ်ဖြစ်
ပေးငှား ပေးဖတ်လိုက်ပါကွယ်။
ပညာဒါနလုပ်ရလို့
ပိုက်ဆံမကုန်ဘဲ ကုသိုလ်ရတာပေါ့။

ဖေဖေ

သမီး ...

ထိုင်နေရင် အကောင်းသား
ထ,သွားမှ အကျိုးမှန်းသိသတဲ့။
ဒီစကားရဲ့ အဓိပ္ပာယ်ကို သမီးသိလား။
ကိုယ်က ခြေထောက်ကျိုးနေတာကို
ငြိမ်ငြိမ်လေး မထိုင်ဘဲ ထပြီး လမ်းလျှောက်ပြမှ
လူတွေက အကျိုးမှန်းသိကန်ကြတယ်လို့
ပြောချင်တာ သမီးရဲ့။
**အကျိုးမှန်း သိမှာစိုးလို့ တစ်သက်လုံး**
**လူမမြင်အောင် ထိုင်နေရမှာလားလို့**
**မေးစရာ မရှိဘူးလား။**
**အဲ့ဒီ အမေးမျိုးမေးခဲ့ရင်**
**သမီး ဘယ်လိုဖြေမလဲဆိုတာ**
**ဖေဖေ သိချင်လိုက်တာ။**

**ဖေဖေ**

သမီး ...

နွားက မြက်စားပြီး
လူတွေကို အကျိုးပြုတယ်။
ကျားက အသားစားပြီး
လူတွေကို အန္တရာယ်ပြုတယ်။
နွားမှာဦးချိုရှိပေမယ့်
လူတွေက မကြောက်ဘူး။
ကျားမှာဦးချိုမရှိပေမယ့်
လူတွေက ကြောက်ကြတယ်။
ဘာပြုလို့လဲဆိုတာ
သမီး ဉာဏ်မီသလောက်
စဉ်းစားကြည့်စေချင်တယ်။
မသိဘူးလို့တော့ မပြောနဲ့နော်။
ဖေဖေနဲ့ အဖြေညှိချင်လို့ပါ ဆိုရင်တော့
ဖေဖေပြောပြမယ်။ နားထောင်။
လူဆိုတာ
အဆိပ်ရှိရှိ၊ မရှိရှိ၊ ဦးချိုရှိရှိ၊ မရှိရှိ
ကိုယ့်ကို အန္တရာယ်ပြုနိုင်တဲ့ သတ္တဝါကို
ကြောက်ကြတာ သဘာဝပဲ သမီးရဲ့။

ဖေဖေ

သမီး ...

ကုန်ပစ္စည်းတွေကို တီဗီထဲမှာ
ကြော်ငြာကောင်းတိုင်းလည်း
ဝယ်မသုံးနဲ့ဦးနော်။
ကြော်ငြာဆိုတာ
ကြော်အောင်လို့ ညာရတာမျိုးလည်း ရှိတတ်တယ်။
အထူးသဖြင့်
ဆေးဝါးပစ္စည်းတွေပေါ့ကွယ်။
ကိုယ့်ရောဂါနဲ့ တည့်မှန်းမသိဘဲ
ကြော်ငြာကောင်းလို့ ယုံကြည်ပြီး
ဝယ်သုံးလိုက်တဲ့အခါ အကျိုးမရှိဖြစ်တတ်တယ်။
ဝယ်သုံးဖူးတဲ့သူတွေ မေးစမ်းပြီးမှ
ဝယ်သုံးစွဲရင် ပိုမကောင်းဘူးလားကွယ်။
ဆေးစားမှားပြီးမှ နောင်တရရင်
မကောင်းဘူးထင်တယ်နော်။

ဖေဖေ

**သမီး ...**

ဖေဖေ့ကို ကောင်မလေးတစ်ယောက်က
ဖုန်းဆက်ပြီး အကြံဉာဏ်တောင်းတယ်။
သူက ရုပ်ရှင်မင်းသား ... ကို
သိပ်ပြီး ချစ်တယ်။ စွဲလန်းတယ်တဲ့။
အဲ့ဒီမင်းသားအိမ်ကို လက်ဆောင်သွားပေးသတဲ့။
မင်းသားက အခန်းထဲက ထွက်မလာဘူးတဲ့။
အမေနဲ့ပဲတွေ့ပြီး လက်ဆောင်ပေးပြန်ခဲ့ရသတဲ့။
အဲ့ဒီမင်းသားဟာ သူ့ကို ပြန်ချစ်လာအောင်
သူ ဘာဆက်လုပ်ရမလဲတဲ့။
အလုပ်တွေ မအားရတဲ့ကြားက
ဒါမျိုးတွေ ကြားလိုက်ရတော့ ဖေဖေ စိတ်လေသွားတယ်။
**ဒါပေမဲ့ ဖေဖေပိုင်တဲ့ လျှာတစ်ချောင်းကို**
**သူများစိတ်ချမ်းသာဖို့အတွက်**
**တတ်စွမ်းသမျှ အသုံးချဖို့ ဆုံးဖြတ်ထားလေတော့**
**သူစိတ်ချမ်းသာအောင် ပြောပေးလိုက်ပါတယ်။**
နောက်ဆုံးကျမှ မိန်းကလေးတစ်ယောက်အနေနဲ့
ဒါမျိုးမဖြစ်သင့်ကြောင်း
စိတ်ကောင်း စေတနာနဲ့ ဆုံးမလိုက်မိတယ်။
သူလည်း သဘောပေါက်သွားပုံရတယ်။
ဖုန်းပြန်မဆက်တော့ဘူး။
သမီးကို ဒီလို မိန်းမနောက်ပိုးကောင်မလေးမျိုး
မဖြစ်စေချင်ဘူးနော်။

**ဖေဖေ**

သမီး ...

မြွေတော့ မြွေပဲ၊ ရေမြွေဖြစ်နေလို့
လူအချို့က မကြောက်ကြဘဲ
တွေ့တဲ့နေရာမှာ ဖမ်းလာပြီး
အချင်းချင်း နောက်ပြောင်ကျီစယ်ကြတာ
ဖေဖေတွေ့ခဲ့ရဖူးတယ်။
မြွေဖြစ်ပေမယ့် အဆိပ်မရှိတော့လည်း
သူများအနိုင်ကျင့်တာ ခံရပြန်ရော။
အဆိပ်ရှိတဲ့ မြွေကြပြန်တော့လည်း
တွေ့တာနဲ့ ကြောက်လန့်ပြီး
ရိုက်သတ်ပစ်လိုက်ကြပြန်တယ်။
မြွေဖြစ်ရင် အဆိပ်ရှိတာ ကောင်းသလား၊
မကောင်းဘူးလားဆိုတာ ...
သမီးစဉ်းစားကြည့် ...
ပြီးတော့မှ ဖေဖေနဲ့ အဖြေ:သို့တာပေါ့။
ဖေဖေကတော့ ...
အဆိပ်မရှိတာ ကောင်းတယ်လို့ထင်တယ်။

ဖေဖေ

သမီး ...

အတတ်ပညာ တစ်ခုခုကို သင်ယူနေစဉ်မှာ
အလုပ်လုပ်ပြီး ဝင်ငွေရှာတာ
ကောင်းသလား ? မကောင်းဘူးလား ?
သမီးက ဘယ်လိုစဉ်းစားမလဲ မသိဘူး။
ဖေဖေကတော့ မကောင်းဘူးလို့ ဖြေမယ်။
တစ်ခုခုကို ယတိပြတ်
အာရုံစူးစိုက်မှုမရှိဘဲလုပ်နေတဲ့
အလုပ်ဟာ ထိရောက်အောင်မြင်မှုမရှိဘူး။
အတတ်ပညာကို ကျနသေချာစွာ
အချိန်ပေး သင်ယူလေ့လာရမယ့်အစား
အဲ့ဒီအချိန်ကို ငွေနဲ့ရောင်းစားနေရင်
အဲ့ဒီအတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ
တတ်မြောက်နိုင်မှာ မဟုတ်ဘူး။
အတတ်ပညာ ပိုင်ပိုင်နိုင်နိုင်မရှိဘဲ
အလုပ်ကြီး အကိုင်ကြီးလုပ်လို့ မရဘူး။
အောက်ခြေအလုပ်တွေမှာပဲ ဝဲလည်ပြီး
လုပ်နေရလိမ့်မယ်ဆိုတာ သဘောပေါက်ပါ။
တစ်ခုတော့ရှိတယ်။ ဘဝပေး အခြေအနေအရ
အလုပ်လုပ်ပြီး ဝင်ငွေမရှာလို့ မရဘူးဆိုရင်တော့
ပြောစရာ စကားမရှိတော့ဘူး။
ကောင်းသလိုသာ လုပ်ပေတော့။

ဖေဖေ

သမီး ...

သမီးတို့အရွယ်ဟာ
အချစ်ရဲ့ အရသာကို
မြည်းစမ်းကြည့်ချင်တဲ့ အရွယ်ဆိုတာ
ဖေဖေနားလည် သဘောပေါက်ပါတယ်။
အချစ်ခါးခါးကို
ခံစားသွားမိရင်
နောင်မှာအချစ်ကို ကြောက်သွားမှာစိုးတယ်။
အချစ်ချိုချိုကို မြည်းစမ်းမိပြီး
အချစ်တောမှာ မျောနေမှာလည်း စိုးတယ်။
ဒီတော့ ...
**အချစ်က အပြစ်မဖြစ်စေနဲ့။**
**အချစ်ကြောင့် အသည်းထောင့်မှာ**
**ဒဏ်ရာအနာတရ မဖြစ်ပါစေနဲ့။**
**ချစ်ကံမွဲလို့ စိတ်ဆင်းရဲပြီး**
**ထင်တိုင်း မကြဲလိုက်ပါနဲ့လို့သာ**
**ဖေဖေ ပြောလိုက်ပါရစေ။**

**ဖေဖေ**

သမီး ...

ဖေဖေ အနားယူအပန်းဖြေ စာရေးနေတဲ့ ဘန်ဂလိုထဲကို ကင်းမလက်မည်းကြီးတစ်ကောင် ယောင်တောင်ပေါင် တောင်နဲ့ဝင်လာတယ်။ အပေါ့်သွားရင်းနဲ့ အိမ်သာခန်းထဲမှာတွေ့တာ ဖေဖေက ငြိမ်ငြိမ်လေးနေလိုက်တော့ အိပ်ခန်းဘက်ဆီကို သွားတာပေါ့။

ဒါပေမဲ့ ... ကြွေသားအုတ်နံရံဖြစ်နေတော့ အပေါ်တက်လို့ မရဘဲလက်ဆေးကြွေဇလုံရှိရာ တရွေ့ရွေ့ချီတက်သွားပြန်ရော။ အဲ့ဒီဘက်မှာ ဘာမှလုပ်စရာမရှိတော့ အိပ်ခန်းဘက် ပြန်လာပြန်ရော။

ဖေဖေ သတ္တဝါတွေကို အကြောင်းမဲ့ မသတ်ဘူးလို့ စိတ်ဆုံးဖြတ်ထားလေတော့ အဲ့ဒီသတ္တဝါကို လာလမ်းပြန်ဖို့ ဖေဖေ့ထီးနဲ့ ချောက်လှန့်လိုက်ပါတယ်။

အဲဒီမှာတင် သူ့ကို ရန်မူမယ်လို့ထင်ပြီး သူ့ရဲ့အဆိပ်ပါတဲ့ အမြီးနဲ့လက်မကိုထောင်ပြီး ရန်စောင်ပါလေရော။

ဖေဖေလည်း သူ့ကို စိတ်တိုငြိုငြင်အောင်
လုပ်မိလိုက်ပြီဆိုတဲ့ သတိလေးဝင်ပြီး
အသာလေးပဲ ထားခဲ့လိုက်တယ်။

အဲ့ဒါပဲ ... သမီး ... သတ္တဝါတွေဟာ
သူတို့ကို ရန်မူမယ်ထင်ရင် ရှိတဲ့အင်အားနဲ့
ရင်ဆိုင်တုံ့ပြန်ဖို့ အဆင်သင့်ရှိကြတယ်ဆိုတဲ့
သင်ခန်းစာကို ဖေဖေရသွားတယ်။
သမီးလည်း အသေအချာမှတ်ထားနော်။

ဖေဖေ

သမီး ...

ယောက်ျားတော့ ယောက်ျား
မိန်းမလျှာ ယောက်ျား
မိန်းမစိတ်ရှိတဲ့ ယောက်ျား
ယောက်ျားပီသတဲ့ ယောက်ျား
အမျိုးမျိုး အစားစားရှိတဲ့အနက်
သမီးက ဘယ်လိုအမျိုးအစားကို
တန်ဖိုးထားရမယ်ဆိုတာ
ဖေဖေ မပြောဘဲနဲ့
သိနေမယ် ထင်တယ်နော်။

ဖေဖေ

သမီး ...

No man ever yet
**became** great by inmitation.
ဘယ်သူမှ အတုလုပ်ပြီး
ကြီးကျယ်မြင့်မြတ် မလာနိုင်ပါဘူး။
ပညာရှိ ဆဲမြူယယ်လ်ဂျွန်ဆင် ရဲ့စကား
ဖေဖေမှတ်သားမိတယ်။
ကြီးကျယ်မြင့်မြတ်တဲ့
ပုဂ္ဂိုလ်အတုရယ်လို့လည်း မရှိပါဘူးကွယ်။
ကြီးကျယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်အောင်
ကိုယ့်ကိုယ်ကိုယ် ကျင့်ကြံအားထုတ်
ကြိုးပမ်း အလုပ်လုပ်မှ
ဖြစ်နိုင်တာမျိုး သမီး ... ရဲ့။
ကြီးကျယ် မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဆိုတာ
သမီးသိတယ်နော်။
မိမိကိုယ်ကျိုးကို မကြည့်ဘဲ
အများအကျိုးအတွက် သေတပန်သက်တစ်ဆုံး
ဆောင်ရွက်သွားတဲ့ ပုဂ္ဂိုလ်မျိုးကို ပြောတာကွဲ့။

ဖေဖေ

သမီး

ရွှံ့ပေမှာ ကြောက်ရင်
ရွှံ့ဖွက်ရှိတဲ့လမ်း မသွားနဲ့ပေါ့။
ကတ္တီပါဖိနပ် ပါးပါးလေးကို
စီးရတာကြိုက်တဲ့ သမီးလေးက
ရွှံ့ပေမှာ ကြောက်တာ ဖေဖေသိပါတယ်။
ဒါပေမဲ့ ... သမီးရယ်
ဘဝဆိုတာ ပန်းခင်းလမ်းမှ မဟုတ်တာ။
တစ်ခါတစ်ရံ ဗွက်ထူတဲ့လမ်းကိုလည်း
ဖြတ်သန်းချင် ဖြတ်သန်းရမှာပေါ့။
အဲ့ဒီလို လမ်းကြမ်းမျိုးကို
ဖြတ်သန်းသွားရတဲ့အခါ
ဖိနပ်ပြောင်းစီးသွားပေါ့ကွယ်။
သမီးရဲ့ ကတ္တီပါဖိနပ်လေးကို အားနာပြီး
ဗွက်ထူတဲ့လမ်းကို မဖြတ်သန်းရဲတာမျိုး
ဖြစ်မနေစေချင်ပါဘူး။
နွေ,မိုး,ဆောင်း သုံးရာသီလုံး
ကတ္တီပါဖိနပ်ပါးလေးကိုပဲ စီးနေတဲ့
သမီးလေးအတွက် ခက်ပါသေးတယ်။

ဖေဖေ

သမီးလေး ...

လူ့ရဲ့စိတ်ဟာ
အကျဉ်းအကြပ်ထဲကိုရောက်ရင်
ကောက်ကျစ်တဲ့ စိတ်တွေ ပေါ်လာတတ်တယ်။
အဲ့ဒီအချိန်မှာ
မဟုတ်တာ မလုပ်ဘူးဆိုတဲ့ စိတ်ဓာတ်နဲ့
အကျဉ်းအကြပ်ကို ရင်ဆိုင်ဖြတ်ကျော်ရဲမှ
တကယ့် သူရဲကောင်း။
သမီးလေးကို
ဖေဖေစံထားလေးစားရတဲ့
တကယ့် ... သူရဲကောင်းမလေး ဖြစ်စေချင်တယ်ကွယ်။

ဖေဖေ

သမီး ...

အိပ်နေတဲ့ ကြောင်ကို
ပန်းသီးသွားပြရုံနဲ့တော့
ခေါင်းထောင်ချင်မှ ထောင်လိမ့်မယ်။
ဒါပေမဲ့ ...
ကြော်ပြီးကာစ ငါးကြော်မွှေးမွှေးလေးကို
အနားကပ်ပြီး ပြလိုက်ရင်တော့
အငမ်းမရ ဖြစ်သွားလိမ့်မယ် ထင်တယ်။
လောကကြီးမှာ အဲ့ဒီလို
ကြောင်နဲ့တူတဲ့ လူတွေ
အများကြီးရှိနေတယ်ဆိုတာ
သမီးကို ကြိုသိစေချင်တယ်။

ဖေဖေ

သမီး ...

**The truly civilized man has no enemies.**
အမှန်တကယ် ယဉ်ကျေးသိမ်မွေ့တဲ့သူမှာ
ဘာရန်သူမှမရှိပါဘူး ... တဲ့။
ပညာရှိတစ်ဦးရဲ့ စကားကို
ဖေဖေယုံကြည် သဘောကျထောက်ခံပါတယ်။
တကယ့်ကို ယဉ်ကျေးသိမ်မွေ့နေရင်
ဘယ်သူနဲ့မှ ရန်ဖြစ်စရာ
အကြောင်းမရှိတော့ပါဘူး။
သမီးလေးကို အဲ့ဒီလိုမျိုး
ယဉ်ကျေးသိမ်မွေ့တဲ့သူ
ဖြစ်စေချင်တယ်။

ဖေဖေ

သမီး ...

နံနက်တိုင်း အိပ်ရာထတဲ့အခါ
ဖေဖေ့ကိုယ်ဖေဖေ ပြောတဲ့စကား
သမီးကြားဖူးသလား။
မကြားဖူးဘူး။ ဟုတ်တာပေါ့။
ဖေဖေကမှ မပြောပြတာ။
အခုပြောမယ်နော်။
မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကြောင့်
ကျန်းမာရွှင်လန်းစွာ နိုးထခဲ့ရပြီ။
ဤယနေ့တွင်
ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်
တစ်ခုခုကို ရရှိအောင် ကြိုးပမ်းအားထုတ်ပါအံ့။
သမီးလေးလည်း ဖေဖေ့လိုမျိုး
ကိုယ့်ကိုယ်ကိုယ် ပြောပြီးလုပ်ကြည့်ပါလား။
ပိုပြီး စိတ်ရွှင်လန်း ကျန်းမာလာလိမ့်မယ်။

ဖေဖေ

သမီး ...

မိန်းကလေးဖြစ်ပြီး
ဟင်း၊ ထမင်း မချက်တတ်ဘူးဆိုရင်
ကျောင်းဆရာဖြစ်ပြီး
စာမသင်တတ်တဲ့ လူနဲ့ တူနေဦးမယ်။
ကျောင်းဆရာဖြစ်မှတော့
တပည့်တွေ နားလည်အောင်
စာသင်တတ်ဖို့တော့ လိုတာပေါ့။
မိန်းကလေးဖြစ်မှတော့
ကိုယ့်မိသားစု စားကောင်းအောင်
ချက်တတ်ဖို့တော့ လိုမှာပေါ့နော်။
သမီးက ... ဖေဖေ့ကို
ချက်ကျွေးချင်တဲ့ စေတနာနဲ့
သင်ထားဦးနော်။

ဖေဖေ

သမီး ...

မိန်းကလေးတိုင်းလိုလို
လက္ခဏာဗေဒင် မေးချင်ကြတာကို
ဖေဖေနားလည် သဘောပေါက်ပါတယ်။
စိတ်အဆာပြေ ဗေဒင်မေးတာမျိုး
ဖေဖေ သဘောတူပါတယ်။
ဒါပေမဲ့ ...
တချို့ဗေဒင်ဆရာက
ရိုးရိုးသားသား ဟောမစားဘူး။
ကြီးပွား ချမ်းသာချင်ဇောနဲ့
ရိုက်စားလုပ်ပြီး ငွေတောင်းတတ်ကြတယ်။
စာမေးပွဲအောင်,အောင်လုပ်ပေးမယ်။
ထိပေါက်အောင် လုပ်ပေးမယ်ဆိုပြီး
မာတ်ဆင်မာတ်ရိုက်အတွက်
ငွေကို ထောင်ဂဏန်းသောင်းဂဏန်းအထိ
တောင်းယူတတ်ကြတယ်။
တကယ်တော့ ... သမီးရယ်
ဘယ်ဗေဒင်ဆရာမှ ထိပေါက်အောင် လုပ်မပေးနိုင်သလို
စာမေးပွဲအောင်ဖို့လည်း မတတ်နိုင်ကြပါဘူး။
အဲ့ဒီအတွက် ငွေကုန်ကြေးကျခံပြီး
အညာခံ မထိကြဖို့ ကြိုတင် သတိပေးထားချင်တယ်ကွယ်။

ဖေဖေ

သမီး ...

အဖော်မဲ့ အထီးကျန်ဖြစ်သွားရတဲ့
လူတွေကို ဆန်းစစ်ကြည့်ရင်
သူတို့ဟာ မာနသိပ်ကြီးတတ်ကြတယ်။
သူတစ်ပါးအပေါ် အထင်အမြင်သေးတယ်။
ကိုယ့်ကိုယ်ကိုယ်ပဲ ချစ်တတ်တယ်။
သူတစ်ပါးကို အကူအညီ မပေးချင်ဘူး။
ကိုယ့်ကိစ္စကို လူသိမှာ ကြောက်တယ်။
လူတွေကို စိတ်မဝင်စားဘူး။
နောက်ဆုံးတော့ ...
သူက လူတွေနဲ့ မပတ်သက်ချင်ဘူး။
လူတွေကလည်း သူနဲ့ပြန်မပတ်သက်တော့ဘူး။
ဒီလိုနဲ့ အထီးကျန်အဖော်မဲ့သွားခဲ့တာပဲ။
အဲ့ဒီလိုမျိုးဖြစ်တာ ကောင်းသလား။
မကောင်းဘူးဆိုရင်တော့
အဲ့ဒီလိုမျိုး မဖြစ်အောင်
ကြိုးစားရှောင်ကြဉ်ပေါ့။

ဖေဖေ

သမီး ...

မနေ့က ကဗျာဆရာ ပျဉ်းမနားမောင်နီသင်း
ဖေဖေ့ဆီရောက်လာပြီး သူ့စာအုပ်ထုတ်ဝေဖို့
ဖေဖေ့ကို စာမူတွေပေးတယ်။
စာမူရဲ့ ခေါင်းစဉ်လေးကိုကြည့်တော့
''မိုးတစ်ပေါက်နှင့် ပိတောက်ပွင့်'' တဲ့။
လှလိုက်တဲ့ နာမည်လေး ... ကွယ်။
သေးငယ်တဲ့ မိုးစက်လေးတစ်ပေါက်ဟာ
ပိတောက်ပန်းကိုတောင် ပွင့်စေနိုင်သတဲ့။
သူ့မှာရှိတဲ့ ခွန်အားနဲ့
လောကကို အလှဆင်တဲ့ သဘောပဲ။
ဖေဖေတို့လူသားတွေက
မိုးစက်ကလေးထက်ကို ပိုပြီး
လောကကို အလှဆင်နိုင်ရမှာပေါ့။
ဘဝတွေ ဘယ်လိုပဲ နုံချာနုံချာ
ကိုယ်တတ်စွမ်းသမျှလေးနဲ့တော့
လောကကို အလှဆင်နိုင်စွမ်း ရှိကြပါတယ်။
လူတိုင်းကိုယ်စီ လောကကို
အလှဆင်နိုင်ကြပါစေလို့
ဖေဖေ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။
ဒီထဲမှာ သမီးလည်း ပါတယ်နော်။

ဖေဖေ

သမီးရယ် ...

မကောင်းမှုတစ်ခုခုပြုထားရင်
ဘယ်သူမသိ,သိသိ ကိုယ်တော့ သိနေတယ်။
အဲ့ဒီမကောင်းမှု အရိပ်မည်းကြီးက
ကိုယ့်ကို အမြဲချောက်လှန့်နေတတ်တယ်။
တချို့ဆို အဲ့ဒီအရိပ်မည်းကြီးရဲ့
ချောက်လှန့်မှုကြောင့်
သွေးပျက်ပြီး အသက်ပါ ဆုံးကြရတယ်။
ကိုယ့်လိပ်ပြာ ကိုယ်မသန့်ရင်
အသံကြားရုံနဲ့ လန့်နေရတတ်တယ်။
ဒီတော့ ...
သမီးရယ်
အရိပ်မြင်ရုံနဲ့ လန့်မနေရအောင်
လိပ်ပြာသန့်နေဖို့ အမြဲကြိုးစားပါ။
မကောင်းမှုတစ်ခုမှ
မလုပ်မိအောင် ရှောင်နော်။

ဖေဖေ

သမီးကို ...

လူချစ်လူခင် များစေတဲ့
ဂါထာလေးတစ်ခု ပေးရဦးမယ်။
အဲ့ဒီ ဂါထာကို နေ့ညမပြတ်ရွတ်ရင်
ရန်သူတောင် ရှောင်ပြေးသတဲ့။
ယုံယုံကြည်ကြည် ရွတ်နော်။
သဗ္ဗေသတ္တာ အဝေရာ ဟောန္တု။
အဗျာပဇ္ဈာ ဟောန္တု။
အနီဃာဟောန္တု
သုခီအတ္တာနံ ပရိ ဟရန္တု။
အနက်အဓိပ္ပာယ် သိချင်ရင်တော့
ကိုယ့်ဘာသာ ရှာဖွေကြည့်ပေါ့နော။

ဖေဖေ

သမီးလေး ...

လူတွေမှာ အားငယ်စိတ် ကြောက်စိတ်
စိုးရိမ်စိတ်တွေ အနည်းနဲ့အများ
ရှိနေကြတဲ့ သူချည်းပဲ။
တချို့က တော်တော်ကို များတယ်။
လူတွေမှာရှိနေတဲ့ အဲ့ဒီအားငယ်စိတ်
ကြောက်စိတ် စိုးရိမ်စိတ်တွေကို
လျော့နည်းသွားအောင်လုပ်ဖို့
တစ်ခုတည်းသော နည်းလမ်းကတော့
စိတ်တည်ငြိမ်အောင် လေ့ကျင့်ဖို့ပါပဲ။
ကိုယ်ကိုးကွယ်တဲ့
ဘာသာတရားအဆုံးအမနဲ့
စိတ်အင်အား ရင့်ကျက်ခိုင်မာအောင်
ကျင့်ကြံအားထုတ်ဖို့ အကြံပေးချင်တယ်။
ဖေဖေတို့ ဗုဒ္ဓဘာသာဝင်တွေအဖို့တော့
တရားထိုင် တရားမှတ်တာ အကောင်းဆုံးပါပဲ။
သမီးလေးကိုလည်း
အဲ့ဒီလိုမျိုး လုပ်စေချင်တယ်။

ဖေဖေ

သမီး ...

**If you judge people,**
**you have no time to love them.**
လူတွေကို စစ်ဆေးအကဲဖြတ်နေမယ်ဆိုရင်
သူတို့ကို ချစ်ခင်ကြင်နာဖို့
အချိန်ဘယ်ရှိတော့မှာလဲ ... တဲ့။
သူတော်စင် မာသာထရီဇာ
ပြောကြားသွားတဲ့စကား မှတ်သားစရာပဲ။
လူတွေကို ချစ်ခင်ကြင်နာစိတ်ထားမယ်ဆိုရင်
သူတို့ဟာ လူဆိုးသူခိုးပဲဖြစ်ဖြစ်
ဘုရားဂေါပကလူကြီးပဲဖြစ်ဖြစ်
တန်းတူသဘောထားပြီး
မေတ္တာထားရမှာပဲ မဟုတ်လား။
သူတော်စင်တွေလို လူတိုင်းအပေါ်
စစ်မှန်တဲ့ မေတ္တာထားနိုင်ပါ့မလား သမီး
ကြိုးစားကျင့်ကြံ ကြည့်ပေါ့နော်။

ဖေဖေ

သမီးရယ် ...

ဘာလိတ်စားနဲ့ ဝါးခွဲဖို့
မကြိုးစားပါနဲ့။
မဖြစ်နိုင်တာကို
အချိန်ကုန်ခံပြီး
လုပ်နေတဲ့သူဟာ
အသိဉာဏ်မရှိတဲ့ လူမိုက်ပဲ။
ဖေဖေပြောတာ သေချာမှတ်ထားနော်။

ဖေဖေ

သမီး ...

ဖေဖေ့ရဲ့ အမူအကျင့်လေးတစ်ခု ပြောပြရဦးမယ်။ ဖေဖေက ဘာပဲစားစား တစ်ပန်းကန်ပဲ စားတယ်။ သူများထည့်ပေးတဲ့ တစ်ပန်းကန်ပဲ စားပါတယ်။ စားကောင်းလည်း ထပ်စားလေ့ မရှိပါဘူး။ အာသာဆန္ဒကို တစ်ပန်းကန်နဲ့ ဖြတ်တဲ့သဘောပဲ။ ကြာတော့လည်း ဝမ်းအကျင့်ဖြစ်သွားပြီး အစားအစာကို များများမစားနိုင်တော့ပါဘူး။

ပြီးတော့ အစားအစာကို အာသာရမ္မက်နဲ့ မစားမိအောင် ဖေဖေအမြဲ သတိထားတယ်။ သက်သတ်လွတ်သည်ဖြစ်စေ မလွတ်သည်ဖြစ်စေ ခန္ဓာကိုယ်အတွက် လိုအပ်ချက်အရသာ စားခြင်းဖြစ်တယ်။

မိမိရှေ့မှာရှိတဲ့ အစားအစာကို အသိဉာဏ်တိုးပွားပြီး အများအကျိုးဆောင်နိုင်ခြင်း အလို့ငှာ စားသုံးခြင်းဖြစ်ပါတယ်။ သတ္တဝါတွေကို သေစေလိုတဲ့ အာသာဆန္ဒနဲ့ စားသုံးခြင်းမဟုတ်ပါဘူးဆိုပြီး နှလုံးသွင်း ဆင်ခြင်ပြီး စားလေ့ရှိပါတယ်။

ဒီကိစ္စမှာတော့ ဖေဖေ့လို လိုက်လုပ်ဖို့ သမီးကို အတင်းအကျပ် မတိုက်တွန်းချင်ပါဘူး။ သမီးဆန္ဒနဲ့ သမီးရှိပါစေ။

ဖေဖေ

သမီး ...

စိတ်ချမ်းသာ ပျော်ရွှင်နေသူမှန်သမျှဟာ
ကိုယ်စိတ်အား ထက်သန်တဲ့ ကိစ္စတစ်ခုခုမှာ
ဘဝကို နှစ်မြှုပ်ပြီး အလုပ်လုပ်နေကြတဲ့
လူတွေချည်း ဖြစ်ပါတယ်။
သူတို့မှာ ကိုယ်ရေးကိုယ်တာ ကိစ္စကိုချည်း
ဦးစားမပေးဘူး။
ဦးတည်ချက်တစ်ရပ်ဆီကို ရောက်ရှိဖို့
ကြိုးပမ်းအားထုတ် အလုပ်လုပ်ရင်း
စိတ်ချမ်းသာ ပျော်ရွှင်နေကြတာ ဖြစ်ပါတယ်။
ဉပမာ ...
ကျောင်းဆရာတစ်ယောက်
သူ့ဘဝကို နှစ်မြှုပ်ပြီး တပည့်တွေအကျိုးအတွက်
အားကြိုးမာန်တက် အလုပ်လုပ်နေရတာနဲ့
သေရမှာကို မေ့နေတယ်ဆိုတာမျိုးပေါ့။
သမီးလည်း တကယ့်စိတ်ချမ်းသာ
ပျော်ရွှင်မှုမျိုး လိုချင်ရင်တော့
အဓိပ္ပာယ်ရှိပြီး အများအကျိုးဖြစ်စေမယ့်
ကိစ္စတစ်ခုမှာ ဘဝနှစ်မြှုပ် အလုပ်လုပ်ရမှာပဲ။

ဖေဖေ

သမီး ...

လူဆိုတာ ကိုယ်ကျိုးကြည့်တတ်တဲ့
သတ္တဝါဆိုတာ မှန်ပါတယ်။
ဒါပေမဲ့ ...
တစ်ခါတစ်ရံမှာ
ကိုယ်ကျိုးကို မငဲ့ဘဲ အများအကျိုးအတွက်
အမှန်ကို အမှန်အတိုင်း ပြုမူပြောဆို
လုပ်ကိုင်နိုင်စွမ်းရှိတဲ့ သူရဲကောင်းစိတ်ဓာတ်
ရှိသူမျိုးတွေလည်း လူ့လောကမှာ ရှိပါတယ်။
ဒါပေမဲ့ ရှားတယ်။
သူတို့ဟာ ကိုယ်ကျိုးမငဲ့ဘဲ ဘာကြောင့် ဒီလိုအမှန်အတိုင်း
ပြုမူပြောဆို လုပ်ကိုင်ရသလဲဆိုတော့
သူတို့ကိုယ် သူတို့ လေးစားလို့
သူတို့ရဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထားလို့ပေါ့။
အဲ့ဒီတန်ဖိုးထားမှုကနေ ရဲရင့်တဲ့သတ္တိဖြစ်ပေါ်လာပြီး
အမှန်တရားကို ပြုမူပြောဆို လုပ်ကိုင်ရဲတော့တာပါပဲ။
မိမိရဲ့ အတ္တကို တန်ဖိုးထားတဲ့သူတွေ အမြင်မှာတော့
အဲဒီလိုလူမျိုးကို လူမိုက်လို့ ထင်လိမ့်မယ်။
ဒါပေမဲ့ ... အမှန်တရားကို တန်ဖိုးထားတဲ့
သူတွေအမြင်မှာတော့
သူဟာ ... သူရဲကောင်းပါပဲကွယ်။

ဖေဖေ

သမီး ...

ကြက်ဥတွေကို ရေခဲသေတ္တာထဲ ထည့်မယ်ဆိုပြီး
အထုပ်ထဲကနေ စားပွဲပေါ် ပြောင်းရွှေ့လိုက်တာ
မမျှော်လင့်ဘဲ တစ်လုံးကျကွဲသွားခဲ့တယ်။
ပေါ်လစ်တင်ထားတဲ့ ကျွန်းစားပွဲဖြစ်လေတော့
ကြက်ဥနှစ်တွေကို သုတ်သင်ရှင်းလင်းလိုက်ရတာ
အတော် အလုပ်ရှုပ်သွားတယ်။
ဒီလိုမှန်းသိရင် ကြက်ဥမကွဲအောင်
အသေအချာ ဂရုစိုက်ပါတယ်။
ဒီလိုပဲ သမီး ...
ဘဝမှာ မဖြစ်လောက်ဘူးထင်တဲ့ ကိစ္စလေးတွေ
ကြက်ဥကွဲသလိုမျိုး မထင်မှတ်ဘဲ
ဖြစ်သွားတတ်တယ်။
ဖြစ်ပြီဆိုတာနဲ့ နောက်ကလိုက်ရှင်းပေတော့။
အဲဒီလိုမျိုး မဖြစ်ရအောင် ဘာကိစ္စမဆို
သတိထားပြီး လုပ်သင့်တယ်လို့
ဖေဖေထင်တယ်။
ဖေဖေလည်း နောင်ကို သတိထားလုပ်တော့မယ်။

ဖေဖေ ။

သမီးရေ ...

မိန်းကလေးတွေဟာ
ထဘီအစား
ဘောင်းဘီ၊ ဂါဝန်၊ ထဘီစကတ်ဆိုပြီး
ပြောင်းဝတ်လာကြကုန်ပြီ။
ခေတ်ရေစီးကြောင်းအလိုက်
ပြောင်းလဲဝတ်ဆင်လာကြတာ
ဖေဖေနားလည်ပေးနိုင်ပါတယ်။
နေရာဒေသအလိုက် ဝတ်ဆင်ကြပါ။
ဒါပေမဲ့ ...
ဘုရားသွားကျောင်းတက်
သွားလာတဲ့ကိစ္စမျိုးတွေမှာတော့
ကိုယ့်ရိုးရာ ထဘီလေးနဲ့
ယဉ်ယဉ်ကျေးကျေးလေးသွားရင်
ပိုမကောင်းပေဘူးလားကွယ်။

ဖေဖေ

သမီး ...

နံနက်စောစောထတဲ့အခါ မြတ်စွာဘုရားကို မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းတဲ့ ဖေဖေ့အမူအကျင့်လေးတစ်ခုပြောရဦးမယ်။

အဲ့ဒီအတွက် ရေခွက်အသစ်တစ်ခုသန့်သန့်ထား၊ ခွက်ထဲကို ရေသန့်သန့်လေးထည့်၊ ရေချိုးခန်းထဲကနေ ဘုရားစင်ရှိတဲ့ဘက်ကို မျက်နှာမူပြီး အောက်ပါအတိုင်း ဆက်ကပ်ပါ။

"ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ဤမျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းပူဇော်ပါ၏ အရှင်ဘုရား" ဤကောင်းမှုကုသိုလ်ကံစေတနာကြောင့် အလုံးစုံသော သတ္တဝါတို့သည် ဤရေကဲ့သို့ အေးမြကြပါစေ။ မိမိချစ်သူခင်သူများလည်း ဤရေကဲ့သို့ အေးမြကြပါစေ။ မိမိကို မလိုမုန်းထားအငြိုးပွားနေသူများလည်း ဤရေကဲ့သို့ အေးမြကြပါစေ။

ဖေဖေ့ရဲ့ ငွေမကုန်ဘဲ ကုသိုလ်ရတဲ့နည်းကို သမီးလေးလိုက်ပြီး အတုယူလိမ့်မယ်လို့ ဖေဖေယုံကြည်မျှော်လင့်နေပါတယ်။

ဖေဖေ

သမီး …

ကမ္ဘာပေါ်မှာ လိမ်ညာပြောတတ်တဲ့သူတွေ
လျော့သွားအောင်လုပ်တဲ့နည်း ဖေဖေသိပြီ။
ပထမဆုံး သမီးနဲ့ဖေဖေက
ဒီနေ့ကစပြီး မဟုတ်မမှန်တာတွေ
မပြောတော့ဘူး။
မြှောက်ပင့်တဲ့စကားတွေ မပြောတော့ဘူး။
မှန်သောစကားကိုသာ ပြောတော့မယ်။
ဒါဆို ဖေဖေတို့နှစ်ယောက်က
ရိုးသားဖြောင့်မတ်တဲ့လူတွေ ဖြစ်ပြီ။
ဖေဖေ့ကို ချစ်ခင်လေးစားတဲ့သူတွေကလည်း
ဖေဖေတို့လို လိုက်လုပ်ကြမယ်ဆိုရင်
ကမ္ဘာပေါ်မှာ လိမ်ညာပြောဆိုမယ့်သူတွေ
အများကြီး လျော့သွားတော့မှာပေါ့နော်။

ဖေဖေ

သမီး ...

လေတိုက်မခံတဲ့
မှုန်ဝါးဝါး အလင်းရောင်ကိုသာပေးတဲ့
ခပ်ညှံ့ညှံ့ ဖယောင်းတိုင်လိုဘဝမျိုး
သမီးကို မဖြစ်စေချင်ဘူး။
တစ်စစနဲ့ လင်းထိန်တောက်ပလာတဲ့
မာကျူရီမီးလို ဘဝမျိုးပဲ
ဖြစ်စေချင်ပါတယ်။
ဖေဖေ့ဆန္ဒအတိုင်း
ဖြစ်အောင် ကြိုးစားနော်။

ဖေဖေ

သမီး ...

မိန်းကလေးတွေ ဘီယာသောက်တာ
ဖေဖေတွေ့ဖူးတယ်။
နောင် ... အရက်ကိုပါ သောက်လာခဲ့ရင်တော့
အရက်အကြောက်ဆိုတာ ရှိမှာ မဟုတ်တော့ဘူး။
အရှက်အကြောက် မရှိတော့ဘဲ
ကြွေးကြော်နေတဲ့ ... 

မိန်းမစားမျိုးကို
အမျိုးကောင်းသားတွေက
ဘယ်တော့မှ တန်ဖိုးထား လေးစားမှာ
မဟုတ်ဘူးဆိုတာ
သမီးလေးကို သိစေချင်တယ်ကွယ်။

ဖေဖေ

သမီး ....

နွားကို မြန်အောင်လို့ ကြိမ်လုံးသုံးတယ်။
မြင်းကိုတော့ ကြာပွတ်သုံးတယ်။
ဆင်ကိုတော့ ချွန်းသုံးတယ်။
နွားကို ချွန်း
မြင်းကို ကြိမ်လုံးသုံးပြီး
ဆင်ကို ကြာပွတ်သုံးရင်တော့
အဆင်ပြေမယ် မထင်ဘူးနော်။
ဘာကိစ္စမဆို သူ့နေရာနဲ့သူ
အသုံးချတတ်ဖို့ အရေးကြီးတယ်လို့
ဖေဖေထင်တယ်ကွယ်။

ဖေဖေ

သမီး ...

အိန္ဒိယနိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်
မဟတ္တမဂန္ဓီရဲ့ စကား
မှတ်သားစရာ ကောင်းလွန်းလို့
သမီးလေးအတွက် ဖေဖေရေးပေးလိုက်ပါတယ်။
အမြဲထာဝရနေရမယ်လို့ သဘောထားပြီး
သင်ယူလေ့လာပါ။
နောက်နေ့တွင် သေရတော့မယ်လို့
သဘောထားပြီး အသက်ရှင်နေထိုင်ပါ။

ဖေဖေ

သမီး ...

ဖေဖေ့ကို တချို့က ခရစ်ယာန်လားလို့ မေးကြတယ်။ ဘာပြုလို့လည်းဆိုတော့ အစာစားခါနီးတိုင်း ဖေဖေက ဆုတောင်းဝတ်ပြုလို့လေ။

ဖေဖေဆုတောင်းဝတ်ပြုတာ သူတို့မကြားလို့ပါ။ သမီးလေးကိုတော့ ဖေဖေပြောပြမယ်နော်။

**အနန္တော အနန္တငါးပါးရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ဆင်ခြင်၍ ဤအစားအစာကို စားသုံးပါမည်။ ဤအစားအစာကို ထုတ်လုပ်ဆောင်ရွက်စီစဉ်ပေးကြသူအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာ၍ လိုရာဆန္ဒပြည့်ဝကြပါစေ။ သူတစ်ပါးက ကိုယ့်ကို ကျွေးမွေးတဲ့အခါ ဤအစားအစာကို စေတနာအပြည့်နဲ့ ကျွေးမွေးတဲ့ ဦး ..... နဲ့ မိသားစု ကျန်းမာချမ်းသာကြီးပွားတိုးတက်ကြပါစေ။**

အစားအစာ စားကာနီးတိုင်း စိတ်ထဲမှာ အမြဲဝတ်ပြုဆုတောင်းတဲ့နည်းဟာ ခရစ်ယာန်တွေနဲ့ တူလို့တဲ့။ ဟုတ်တာပေါ့။ ချင်းပြည်နယ်မှာ ကျောင်းအုပ်သွားလုပ်တုန်းက ခရစ်ယာန်တွေကြားထဲမှာ နေခဲ့ရတယ်လေ။ ဆုတောင်းပွဲ စားသောက်ပွဲတစ်ခုခုလုပ်တိုင်း သူတို့က ခရစ်ယာန်လို ဆုတောင်းရင် ဖေဖေက ဗုဒ္ဓဘာသာလို ဆုတောင်းခဲ့တာပေါ့။ အဲ့ဒီကစပြီး အဲ့ဒီအကျင့် ဖေဖေရခဲ့တာပါပဲ။

ဖေဖေ

သမီး ...

လူ့လောကထဲမှာနေရင်
လူတွေအကြောင်းသိဖို့က အရေးကြီးတယ်။
လူ့အကြောင်း သေချာသိလာတဲ့အခါ
ပေါင်းသင်းဆက်ဆံရေး အဆင်ပြေလာတယ်။
လူတွေနဲ့ ဆက်ဆံပေါင်းသင်းတာ
အဆင်ပြေအောင်မြင်တယ်ဆိုရင်
စီးပွားရေး ကြီးပွားရေးတွေမှာလည်း
လွယ်ကူအောင်မြင်သွားလိမ့်မယ်။
ဒါကြောင့် ...
လူတွေနဲ့ ဆက်ဆံတဲ့အခါ
သတိထားလေ့လာပြီး
လူတွေအကြိုက်ကို လိုက်လျောညီထွေ
ကျင့်သုံးတတ်စေချင်ပါတယ်။
သမီးလေးက
ထုံထုံထိုင်းထိုင်းမှ မဟုတ်တာ။
ဖေဖေပြောတာ သဘောပေါက်ပါတယ်နော်။

ဖေဖေ

သမီး ...

လူတစ်ယောက်အတွက်
အဓိကကျတဲ့ အရည်အချင်းနှစ်ခုကတော့
ရိုးသားခြင်းနဲ့ သစ္စာရှိခြင်းပဲ။
လူတစ်ယောက်မှာ
အဲ့ဒီအရည်အချင်းနှစ်ခု ရှိနေတယ်လို့
အသေအချာ ယုံကြည်သွားရင်
အဲ့ဒီလူနဲ့တွဲပြီး အလုပ်လုပ်ချင်သူတွေ
တစ်ပုံတစ်ပင်ရှိလာလိမ့်မယ်။
အဲ့ဒီလို အရည်အချင်းမျိုးရှိတဲ့သူကို
လူတိုင်းက ယုံကြည်အားကိုး
တန်ဖိုးထား လေးစားကြတယ်။
ဒါကြောင့် သမီးလေးလည်း
ဒီလို အရည်အချင်းမျိုးရှိအောင်
ကိုယ့်ကိုယ်ကိုယ် ပြုစုပျိုးထောင်ပါလို့
ဖေဖေတိုက်တွန်းလိုက်ပါရစေ။

ဖေဖေ

သမီး ....

လူတိုင်းလူတိုင်းမှာ
အားနည်းချက် ကိုယ်စီရှိကြစမြဲပဲ။
တချို့က တစ်ဖက်လူရဲ့ အားနည်းချက်ကို
ဖော်ထုတ်ပြီး အမြတ်ထုတ်ကြတယ်။
တချို့က ကိုယ်မုန်းတဲ့သူရဲ့ အားနည်းချက်ကို
အသေအချာ ရှာဖွေဖော်ထုတ်ပြီး
ခေါင်းမထောင်နိုင်အောင် လုပ်ပစ်လိုက်ကြတယ်။
တစ်ဖက်သား ဒုက္ခလှလှတွေ့တော့
သူတို့ပျော်ကြပေါ့။
အဲ့ဒါမျိုးကို ယုတ်မာတယ်လို့ခေါ်တာ။
လူ့လောကမှာ အဲ့ဒီလို ယုတ်မာတဲ့လူမျိုး
အသေအချာရှိတယ်ဆိုတာ ... ယုံ။
အဲဒီလို လုပ်တတ်တဲ့ လူမျိုးတွေ့ရင်
ခပ်ဝေးဝေးက ရှောင်ပါ။
မလွှဲသာလို့ ဆက်ဆံရရင် သတိထားနော်။

ဖေဖေ

သမီးရယ် ...

သေသွားတဲ့အခါ
လက်ကြီးဗလာ
ဘာမှ ပါမသွားနိုင်မှန်း သိရက်နဲ့။
ကုသိုလ်ကောင်းမှုတွေကို
သေချာမစုဆောင်းဘဲ
သေရွာကို ကိုယ်ယူမသွားနိုင်တဲ့
စည်းစိမ်ဥစ္စာတွေကိုပဲ
သဲကြီးမဲကြီး စုဆောင်းနေမယ်ဆိုရင်
ဖေဖေတို့ယောက် မိုက်တဲ့သူ
ရှိပါဦးမလားကွယ်။
ကဲ ... ခုအချိန်ကစပြီး
လိမ္မာကြရအောင်။
ကုသိုလ်ကောင်းမှုတွေ
တတ်နိုင်သမျှ စုဆောင်းကြပါစို့။
သမီးလေး ...
သဘောတူတယ် ... ဟုတ်။

ဖေဖေ

သမီး ...

ဘဝတာတိုတိုလေးမှာ
စိတ်အလိုမကျတွေဖြစ်ပြီး
ဒေါသကြီး မာနကြီး လောဘကြီးနေရင်
သမီးလေးဘဝ မငြိမ်းမချမ်းနဲ့
ဇာတ်သိမ်းသွားရလိမ့်မယ်။
လူတွေကို အကောင်းမမြင်ဘဲ
သံသယစိတ်ဝင်ပြီး
စိတ်ထင်တိုင်း ရှိင်းနေမယ်ဆိုရင်
နေဝင်ချိန်မှာ အိမ်ပြန်မလာဖြစ်လိမ့်မယ်။
ကိုယ့်ဘဝလမ်းလေးကို ငြိမ်းငြိမ်းချမ်းချမ်းလေးနဲ့
လျှောက်လှမ်းသွားစေချင်တယ်ကွယ်။
ကိုယ့်ရဲ့ အိမ်အပြန်လမ်းမှာ
ဝမ်းနည်းကြေကွဲမနေဘဲ
ကျေနပ်ပျော်ရွှင်စွာ ပြန်နိုင်ဖို့
ကြိုးစားစေချင်တယ်။
ကိုယ်လိုလူတွေ အဖော်ပြု
ကောင်းမှုကုသိုလ်များစွာနဲ့
မေတ္တာအကြင်နာ စိတ်ထားပြီး
တရားနှလုံးသွင်းနိုင်ပါစေလို့
ဖေဖေ ယုံကြည်မျှော်လင့်နေပါမယ်။

ဖေဖေ

သမီးလေး ...

ဖေဖေ့ရဲ့ ဒီစာအုပ်လေးဟာ
သမီးလေးအတွက် အဖော်မွန်ဖြစ်ပါစေ။
ဘယ်ကိုပဲသွားသွား ယူသွားပါ။
ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ရတဲ့အချိန်
တစ်ယောက်တည်း အားငယ်နေတဲ့အချိန်
စိတ်ဓာတ်ကျပြီး တွေဝေနေတဲ့အချိန်
ဘယ်နေရာမှာပဲရောက်ရောက်
ဒီစာအုပ်လေးကို ကောက်ဖတ်ပါ။
ကိုယ့်စိတ်ကို ကိုယ်ပြန်ထိန်းပါ။
ကိုယ့်ရည်မှန်းချက်ကို ကိုယ်ပြန်သတိရပါ။
လုပ်ချင်တာထက် လုပ်သင့်တာကိုရွေးပါ။
ညစ်ထေးနေတဲ့ စိတ်ကို ပြန်သန့်စင်ပါ။
ကောင်းမြတ်တဲ့ စိတ်စေတနာနဲ့
လူတကာကို အကျိုးပြုမယ့်
မြင့်မြတ်တဲ့စိတ်မျိုး ပြန်မွေးပါ။
မြင်သူတိုင်း တွေ့သူတိုင်းက
ချစ်ခင်လေးစား တန်ဖိုးထား အားကိုးရတဲ့
သမီးမြတ် သမီးအလိမ္မာလေး ဖြစ်ပါစေလို့
ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။
သမီးလေးဘဝ ငြိမ်းချမ်းပါစေ။

ဖေဖေ

## စာဖတ်သူသို့

- ဤစာအုပ်ကို
ကျနသေချာ
ဖတ်ပြီးသောအခါ ...
- ရင်ထဲတွင်
ပြောချင်စရာများ
ရှိလာပြီးအံ့။
- တယ်လီဖုန်းဖြင့် ဖြစ်စေ
စာဖြင့် ဖြစ်စေ။
- ပြောဆိုဆွေးနွေး
ရေးသားဝေဖန်
အကြံပြုကြစေချင်ပါတယ်။
- စာဖတ်သူ၏ အမြင်ကို
ကြားသိချင်လှပါ၏။

ကောင်းသန့်
အမှတ် ၁၄၇၊ ပ-ထပ်၊ ၃၇ လမ်း(လယ်)
ရန်ကုန်မြို့။ ☎ ၂၇၈၃၆၈

ဒဿနအတွေးများကို
နှစ်ခြိုက်ကြသူများအတွက်
စာကြောင်းတိုင်း
စာပိုဒ်တိုင်းမှာ
တွေးစရာတွေ ပေးထားသည့် ...

ကျောင်းသန့်

# ရာဇသမ္ဘတွေး

( ဒ ဿ န စ ာ စု မျ ာ း )

ထွက်ပြီ

စာမူခွင့်ပြုချက်၊ ၈၇၁/၂၀၀၀ (၁၀)

မေတ္တာတရားကို
နှလုံးသားနဲ့ ခံစားနားလည်အောင်
ကြိုးပမ်းအားထုတ် ရေးဖွဲ့ထားသော ...

ထွက်ပြီ

ကျောင်းသန့်

# မင်းလေးကို ချစ်လို့ ...

# သီချင်းဆိုရင်း အာသကိုရှင်မယ်

(၂၀၀၀ ပြည့်နှစ်အတွက် ရေးလိုက်တဲ့ ရသဝတ္ထုသစ်)

စာမူခွင့်ပြုချက်၊ ၇၂၂/၂၀၀၀ (၉)

ဒီစာအုပ်ဖတ်ပြီးရင်
အောင်မြင်ချင်စိတ်တွေ တဖွားဖွား
ပေါ်ပေါက်လာစေရမယ်။
ပြီးတော့ ...
ညဏ်ရှိသလို သုံးနိုင်တဲ့ ဗေဒင်လည်းပါတဲ့ ...

ကျော်းသန့်

# အောင်မြင်ရေး ဗေဒင်ဒိုင်ယာရီ

ထွက်ပြီ

စာမူခွင့်ပြုချက်၊ ၉၂၅/၂၀၀၀ (၁၁)